International
Labour
Organization

1919·2019



# မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးမှုစနစ် (CLMS)တစ်ရပ် ပြဋ္ဌာန်းရေးအတွက် ရွေးချယ်စရာ နည်းလမ်းများကို လေ့လာဆန်းစစ်ခြင်း

# မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးမှုစနစ် (CLMS) တစ်ရပ်ချမှတ်ပြဋ္ဌာန်းရေးအတွက် ရွေးချယ်စရာနည်းလမ်းများကို လေ့လာဆန်းစစ်ခြင်း

Fundamental Principles and Rights at Work Branch
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၉

ပထမအကြိမ်ထုတ်ဝေသည် ၂၀၁၉

ကမ္ဘာ့တစ်လွှားမူပိုင်ခွင့်သဘောတူညီချက်ကျင့်ဝတ် ၂ အရ အိုင်အယ်လ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ မူပိုင်ခွင့်အနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မည်သည့်မူလရင်းမြစ်မှကူးယူကြောင်းဖော်ပြပါက ခွင့်ပြုချက်ရယူမှုမရှိသော်လည်း အစိတ်အပိုင်းတိုလေးများကို ထုတ်နုတ်ကိုးကားဖော်ပြခွင့် ရှိပါသည်။ ပြန်လည်ဆင့်ပွားခြင်း (သို့) ဘာသာပြန်မှုများအတွက် အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်း (လုပ်ပိုင်ခွင့်နှင့်ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာအပြည်ပြည်ဆိုင်အလုပ်သမားရုံး၊ CH-1211 ဂျီနီဗာ ၂၂၊ ဆွီဇလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားတောင်းခံရပါမည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ထိုကဲ့သို့လျှောက်ထားမှုများကို လက်ကမ်းကြိုဆိုပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားမှတ်ပုံတင်ထားသည့် ပြန်လည်ဆင့်ပွားအဖွဲ့အသည်းများကသူတို့ အားချမှတ်ပေးထားသည့်လိုင်စင်နှင့်အညီ ပြန်လည်ကူးယူနိုင်ပါသည်။ သင့်နိုင်ငံအတွင်းတွင်ရှိသော ပြန်လည်ဆင့်ပွားခွင့် www.ifrro.org သို့ဝင်ရောက်ကြည့်ရှုနိုင်သည်။

---

**FUNDAMENTALS**

*မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမားစောင့်ကြည့်လေ့လာစစ်ဆေးမှုစနစ် တစ်ရပ်ချမှတ်ပြဋ္ဌာန်းရေးအတွက် ရွေးချယ်စရာနည်းလမ်းများကို* / International Labour Office, Fundamental Principles and Rights at Work Branch (FUNDAMENTALS) - Yangon: ILO, 2019.

ISBN 978-92-2-133342-5 (Print); 978-92-2-133343-2 (Web PDF)

International Labour Office; ILO Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။ Assessment of options for establishing a Child Labour Monitoring System (CLMS) in Myanmar.

ISBN: 978-92-2-133340-1 (Print); 978-92-2-133341-8 (Web pdf), Yangon, 2019.

*ILO Cataloguing in Publication Data*

## ကျေးဇူးတင်လွှာ

ဤပုံနှိပ်ထုတ်ဝေခြင်းအား အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အလုပ်သမားပပျောက်ရေး အစီအစဉ်အတွက် အကြံပေး Brigitte Krogh-Poulsen နှင့် ဒေါ်စီစီမြင့်တို့မှ FUNDAMENTALS အတွက်အသေးစိတ်စီစဉ်ပြင်ဆင်ပြီး ILO ရန်ကုန်ရုံး Selim Benaissa မှကြီးကြပ်ပြီး နှင်းဝတ်ရည်မှ ညှိနှိုင်းဆောင်ရွက်သည်။ ILO DWT Bangkok ရုံး Bharati Pfug မှ ထင်မြင်သုံးသပ်ချက်များ။ အကြံပြုဆွေးနွေးခြင်းနှင့် ထောက်ပံ့မှုဖြင့် ပံ့ပိုးပေးခဲ့သည်။

ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် ရန်ပုံငွေအား အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ထောက်ပံ့ပေးသည်။ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် My-PEC (Project MMR/13/10/USA) ပူးပေါင်းမှုသဘောတူညီမှုအမှတ် IL-25263-14-75-K.

ဤပုံနှိပ်ထုတ်ဝေခြင်းသည် မေရိကန်ပြည်ထောင်စုအလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များဖော်ပြထားခြင်းမရှိပါ။ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသောအဖွဲ့အစည်းများဖြစ်သည်။ စီမံကိန်းအတွက် စုစုပေါင်းကုန်ကျငွေ ဒေါ်လာ ၆၂၅၀၀၀၀ ကိုဖက်ဒရယ်အစိုးရ ရန်ပုံငွေဖြင့် ထောက်ပံ့သည်။

ILO ပုံနှိပ်ထုတ်ဝေခြင်းသည် ကုလသမဂ္ဂ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဝေပြီး တင်ပြမှုများတွင် ပါဝင်သောအကြောင်းအရာများသည်လည်း ILO က မည်သည့်နိုင်ငံ၊ ဒေသ (သို့) နယ်မြေများ၏အခြေအနေပေါ်မှ မူတည်ခြင်းမရှိဘဲ တင်ပြထားခြင်းဖြစ်ပါသည်။

အမည်နှင့်တကွရေးသားဖော်ပြထားသည့် ဆောင်းပါးများ၏တွေးခေါ်ထင်မြင်ချက်၊ လေ့လာချက်နှင့် အခြားသတင်းဆောင်းပါးများသည် စာရေးသူနှင့်သာသက်ဆိုင်ပြီး ပုံနှိပ်ထုတ်ဝေရာတွင်လည်း ILO ၏ ရေးသွင်းချက် ထင်မြင်ယူဆချက်များ လုံးဝမရှိပါ။

ILO အနေဖြင့်လုပ်ငန်းများ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် ဖြစ်စဉ်များ၏ အမည်နာမများအားထုတ်ဝေသည့် စာအုပ်တွင်ဖော်ပြရည်ညွှန်းခဲ့သော်သွယ်ဝိုက်၍ ထောက်ခံခြင်းမဟုတ်သလို မဖော်ပြပါကလည်း သဘောမကျမနှစ်သက်၍ မဖော်ပြခြင်းမဟုတ်ပါ။

ILO ပုံနှိပ်ထုတ်ဝေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်များကို အဓိကစာအုပ်ရောင်းသူထံမှတစ်ဆင့်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာဖြန့်ဝေသူများထံမှရရှိနိုင်မည်။ (သို့) ilo@turpin-distribution.com မှတစ်ဆင့်မှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်တဲ့ www.ilo.org/publns or contact ilopubs@ilo.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ဘက်ဘ်ဆိုဒ် : www.ilo.org/childlabour

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။
ILO ရန်ကုန်မှ ဓာတ်ပုံပေါင်းစပ်သည်။
ဓာတ်ပုံမူပိုင် - ILO/ကိုဇော်မျိုးဦး



# မာတိကာ

ကျေးဇူးတင်လွှာ ............ (ခ)
အတိုကောက်စာလုံးများ ............ (ဃ)
၁။ နောက်ခံအကြောင်းအရာနှင့်ယှဉ်သော မိတ်ဆက်နိဒါန်းတစ်ရပ် ............ ၁
၂။ လေ့လာမှုနည်းနိဿယ ............ ၃
၃။ CLMS အတွက် ယေဘုယျလိုအပ်ချက်များ ............ ၆
၄။ မြန်မာနိုင်ငံအတွင်း CLMS ဆိုင်ရာလေ့လာတွေ့ရှိချက်များ ............ ၉
၄.၁။ ရှိရင်းစွဲနှင့်ထွက်ပေါ်လာတော့မည့်စနစ်များ ............ ၉
၄.၂။ CLMS တစ်ရပ်တည်ဆောက်ရေး အဓိက လုပ်ဆောင်ချက်အဆင့်များဆိုင်ရာ လေ့လာတွေ့ရှိချက်များ ............ ၁၅
၅။ မြန်မာနိုင်ငံတွင်း ထိရောက်ကောင်းမွန်သော CLMS တစ်ရပ်အတွက် ကောက်ချက်များနှင့် ပင်မပြဿနာအရေးကိစ္စများ ............ ၂၂

## အတိုကောက်စာလုံးများ

| | |
|---|---|
| CLMS | Child Labour Monitoring System (ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးမှုစနစ်) |
| CMS | Case Management System (အမှုတွဲစီမံခန့်ခွဲစနစ်) |
| CPS | Child Protection System (ကလေးသူငယ် အကာအကွယ်ပေးရေးစနစ်) |
| DOE | Department of Education (အခြေခံပညာဦးစီးဌာန) |
| DOL | Department of Labour (အလုပ်သမားဦးစီးဌာန) |
| DSW | Department of Social Welfare (လူမှုဝန်ထမ်းဦးစီးဌာန) |
| EMIS | Education Management Information System (ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်) |
| FGLLID | Factories and General Labour Laws Inspection Department (အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန) |
| ILO | International Labour Organization (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ) |
| KI | Key Informant (အဓိကသတင်းပေးသူ) |
| KII | Key Informant Interviews (အဓိကသတင်းပေးသူနှင့်တွေ့ ဆုံမေးမြန်းမှုများ) |
| LFS | Labour Force Survey (လုပ်သားအင်အားစစ်တမ်း) |
| LMIS | Labour Market Information System (လုပ်သားဈေးကွက် သတင်းအချက်အလက်စနစ်) |
| MIS | Management Information System (စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်) |
| MOE | Ministry of Education (ပညာရေးဝန်ကြီးဌာန) |
| MOLIP | Ministry of Labour, Immigration and Population (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) |
| NAP | National Action Plan on Child Labour (ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်) |
| SOP | Standard Operating Procedure (လုပ်ငန်းဆောင်ရွက်မှုစံလုပ်ထုံးလုပ်နည်း) |
| TWG-CL | Technical Working Group on Child Labour (ကလေးအလုပ်သမားဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ ) |
| UNESCO | United Nations Organisation for Education and Culture (ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ) |
| UNICEF | United Nations Organisation for Women and Children (အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ) |
| WFCL | Worst Forms of Child Labour (အဆိုးရွားဆုံးသော ကလေးအလုပ်သမားပုံစံများ) |



## ၁။ နောက်ခံအကြောင်းအရာနှင့်ယှဉ်သော မိတ်ဆက်နိဒါန်းတစ်ရပ်

မြန်မာနိုင်ငံတွင်း ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပံ့ပိုးကူညီသွားရန်ရည်ရွယ်ပြီး ILO ၏ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အစီအစဉ် (MyPEC) က ဤလေ့လာမှုကိုပြုလုပ်ရန် တာဝန်ပေးခဲ့သည်။ NAP ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) ၏ ဦးဆောင်မှုဖြင့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWG-CL) ၏လမ်းညွှန်ချက်အောက်တွင်ပြည်တွင်းအဖွဲ့အစည်းများစွာတို့က ရေးဆွဲချမှတ်ခဲ့သည်။ NAPနှင့်စီမံကိန်းရေးဆွဲချမှတ်မှုကို ပံ့ပိုးကူညီခဲ့သည့် ILO သည် NAP အကောင်အထည်ဖော်ဆောင်ရွက်မှုကို MyPEC စီမံကိန်းမှတစ်ဆင့် နည်းလမ်းများစွာဖြင့် ပံ့ပိုးကူညီသွားရန် ဦးတည်ရည်ရွယ်သည်။

NAP ၏ အဓိက အစိတ်အပိုင်းတစ်ရပ်မှာ ကလေးအလုပ်သမားထုအတွင်းသို့ ဆင်းသက်ဝင်ရောက်ရနိုင်ခြေ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ကလေးသူငယ်များနှင့် ကလေးအလုပ်သမားထုအတွင်း ပိတ်မိနေပြီးဖြစ်သော ကလေးသူငယ်များထံသို့ တိုက်ရိုက်သွားရောက်ကာ ပံ့ပိုးကူညီရေးပင်ဖြစ်သည်။ ကလေးသူငယ်များကို အရည်အသွေးကောင်းမွန်သော ပံ့ပိုးကူညီမှုများပေးအပ်ပြီး အန္တရာယ်ရှိသောအလုပ်နှင့် ၎င်းတို့၏ပညာရေးကိုအနှောင့်အယှက်ဖြစ်စေသည့်အလုပ်တို့ကို လုပ်ကိုင်ရခြင်းမှ ကြိုတင်တားဆီးကာကွယ်နိုင်ရန်အတွက် ကလေးသူငယ်များနှင့် ၎င်းတို့မိသားစုများ၏အခြေအနေအား လေ့လာဖော်ထုတ်ကာ ပံ့ပိုးကူညီမှုပေးပြီး စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာ စစ်ဆေးပေးမည့်စနစ်တစ်ရပ်ကို တရားဝင်ချမှတ်ကျင့်သုံးနိုင်ရန် အလွန်အရေးကြီးသည်။ ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေးစနစ် (CLMS) တစ်ရပ်အဖြစ် ရည်ညွှန်းလေ့ရှိသည့် ထိုကဲ့သို့သောစနစ်တစ်ရပ်သည် နိုင်ငံတိုင်း၏ကလေးအလုပ်သမားတိုက်ဖျက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များတွင် မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ ကလေးအလုပ်သမားဆိုင်ရာ NAP မူကြမ်းအောက်တွင်လည်း ဦးစားပေးကိစ္စရပ်တစ်ခုဖြစ်သည်။

ကလေးအလုပ်သမားစောင့်ကြည့်လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်များရေးဆွဲချမှတ်ခြင်းဆိုင်ရာ ILO လမ်းညွှန်ချက်အရ အောက်ဖော်ပြပါ အဓိကကျသောလုပ်ဆောင်ချက်များမှာ CLMS တိုင်း၏ အင်္ဂါလက္ခဏာရပ်တစ်ခုဖြစ်သည်။

- **လေ့လာဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း** - အလုပ်လုပ်နေသည့် သို့မဟုတ် အလုပ်ခွင်သို့ကူးပြောင်းဝင်ရောက်တော့မည့် မိန်းကလေးများနှင့်ယောကျ်ားလေးများကို လေ့လာဖော်ထုတ်ပြီး သူတို့၏ လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်သည်။
- **အကာအကွယ်ပေးခြင်းနှင့် ကြိုတင်ကာကွယ်တားဆီးခြင်း** - အလုပ်နှင့်ဆက်နွယ်နေသည့် မည်သို့သောဘေးအန္တရာယ်အမျိုးအစားများကို ကလေးအလုပ်သမားများရင်ဆိုင်ကြုံတွေ့နေရကြောင်း သိမြင်နိုင်ရန်အတွက် အလုပ်ခွင်ကိုကြည့်ရှုစစ်ဆေးသည်။
- **လွှဲပြောင်းခြင်း** - အကယ်၍ ကလေးသူငယ်များကို ကလေးအလုပ်သမားများ အဖြစ်ရှာဖွေဖော်ထုတ်ခဲ့ပြီး ပြင်းထန်ကြီးမားသော ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေဘေးအန္တရာယ်အောက်တွင် ကျရောက်နေကြောင်း အကဲဖြတ်လေ့လာတွေ့မြင်ရပါက ၎င်းတို့ကိုဖယ်ရှားကာ ဝန်ဆောင်မှုပေးသူများကွန်ယက်တစ်ခုနှင့် သဘောတူချမှတ်ထားသော လုပ်ထုံးလုပ်နည်းများမှတဆင့် ၎င်းတို့၏ လိုအပ်ချက်များနှင့်ကိုက်ညီသော ဝန်ဆောင်မှုများရရှိနိုင်အောင် လွှဲပြောင်းပေးပို့သည်။ [1]

1 ILO (2005)၊ ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်းအတွက်လမ်းညွှန်ချက်၊ စာမျက်နှာ (၂) https://www.ilo.org/ipec/Action/Childlabourmonitoring/lang--en/index.htm

CLMS မှာ တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ရန် အလွန်ရှုပ်ထွေးပြီး ကုန်ကျစရိတ်ကြီးမားသော စနစ်များဖြစ်ရာ[2] ကလေးအလုပ်သမားညွှန်းကိန်းများအား ရှိရင်းစွဲစနစ်များနှင့်ပေါင်းစပ်နိုင်မည့် နည်းလမ်းများကို လေ့လာရှာဖွေဖော်ထုတ်ခြင်းက ပိုမိုသင့်လျော်နိုင်သည်။

သို့ဖြစ်ရာ ဤလေ့လာမှု၏ကနဦးစမှတ်မှာ မြန်မာနိုင်ငံ၏ CLMS တစ်ရပ်ကို အသစ်ရေးဆွဲချမှတ်ရန်မလိုပဲ ရှိရင်းစွဲသို့မဟုတ် ရေးဆွဲဖန်တီးနေပြီးဖြစ်သော တစ်ခုသို့မဟုတ် ထို့ထက်ပိုသည့်စနစ်များနှင့် ဖြစ်နိုင်ခြေရှိသော အတိုင်းအတာအထိ ပေါင်းစပ်သင့်သည်ဟူသော ထင်မှတ်ယူဆချက်တစ်ရပ်ပင်ဖြစ်၏။ ယင်းသို့သော ထင်မှတ်ယူဆချက်မှာ ပေါင်းစပ်ထည့်သွင်းနိုင်မည့် CLMS တစ်ရပ်ရေးဆွဲချမှတ်မှုပါဝင်သည့် ကလေးအလုပ်သမားဆိုင်ရာ NAP မူကြမ်းနှင့်ကိုက်ညီမှုရှိသည့်အပြင် NAP ဆိုင်ရာအမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်မှုများအပြီး NAP အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပံ့ပိုးကူညီရန် ရေးဆွဲဖန်တီးထားသော ပင်မပညာရေးရေစီးအတွင်း ထည့်သွင်းရေးဆိုင်ရာ မဟာဗျူဟာစာတမ်း (the strategy paper on mainstreaming) နှင့်လည်း ကိုက်ညီသည်။ အဆိုပါမဟာဗျူဟာစာတမ်းတွင် CLMS ကို ရှိရင်းစွဲစနစ်များနှင့် ပေါင်းစပ်သွားရန် ရှင်းလင်းစွာအကြံပြုတင်ပြထားသည်။[3]

မြန်မာနိုင်ငံတွင်း ရှိရင်းစွဲနှင့်ရေးဆွဲဖန်တီးလျက်ရှိသော မည်သည့်စနစ်များက ကလေးအလုပ်သမားညွှန်းကိန်းများနှင့်လွှဲပြောင်းမှုလမ်းကြောင်းများကို ထည့်သွင်းပေါင်းစပ်ရန် အသင့်တော်ဆုံးဖြစ်ကြောင်း အကဲဖြတ်ဆန်းစစ်နိုင်ရန်အလို့ငှာ သုတေသနပြုလေ့လာမှုအဖွဲ့သည် ရှိရင်းစွဲ/ထွက်ပေါ်လာတော့မည့်စနစ်များ၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို သေသေချာချာစိစစ်လေ့လာခဲ့ပြီး အဆိုပါစနစ်များအတွင်း ကလေးအလုပ်သမားအရေးကိစ္စအား ထည့်သွင်းပေါင်းစပ်ရေးသန္နိဋ္ဌာန်ချမှတ်နိုင်မည့်အပြင် ပြုပြင်ပြောင်းလဲမှုများ ... မြှုပ်နှံဆောင်ရွက်မှုကို အကဲဖြတ်ဆန်းစစ်ရန်ကြိုးပမ်းခဲ့သည်။ ပေါင်းစပ်ထည့်သွင်းရေး ချဉ်းကပ်လုပ်ဆောင်မှုပုံစံကို ကျင့်ကြံအသုံးပြုလျှင်ပင် အဆိုပါအကဲဖြတ်ဆန်းစစ်မှုက မရှိမဖြစ်အရေးပါသည်။ CLMS မှာ သေးငယ်သော လုပ်ငန်းတာဝန်မဟုတ်ဘဲ ပြဿနာအရေးကိစ္စကိုင် တွယ်ဖြေရှင်းမှုအပေါ် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချမြှုပ်နှံဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတာဝန်ဖြစ်သောကြောင့်ပင်။

ဤအစီရင်ခံစာကို အောက်ပါအတိုင်းဖွဲ့စည်းတည်ဆောက်ထားသည်။

အခန်း (၂) တွင် လေ့လာမှုအတွက် အသုံးပြုသောနည်းနာနိဿယကို အကျဉ်းချုပ်ဆွေးနွေးဖော်ပြထားသည်။ အခန်း (၃) တွင် ထိရောက်ကောင်းမွန်သော CLMS အတွက် လိုအပ်ချက်များနှင့် သက်ဆိုင်သော နောက်ခံအကြောင်းအရာများကို ပိုမိုအကျယ်ချဲ့ တင်ပြထားသည်။ အခန်း (၄) တွင် လေ့လာတွေ့ရှိချက်များကိုတင်ပြထားပြီး အခန်း (၅) တွင် ဆက်လက်လေ့လာရှာဖွေ ဖော်ထုတ်သွားရန်လိုအပ်သည့် အဓိကကျသောအကြောင်းအရာများနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပသော CLMS အဓိကသက်ဆိုင်သူများ အလုပ်ရုံဆွေးနွေးပွဲ (stakeholder workshop) အတွင်း ချမှတ်နိုင်ခဲ့သည့် ပြဿနာအရေးကိစ္စအချို့နှင့်သက်ဆိုင်သော ပဏာမကောက်ချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။ အဆိုပါကောက်ချက်များအား မြန်မာနိုင်ငံတွင်း CLMS တစ်ရပ်ရေးဆွဲချမှတ်ရေးအတွက် ပဏာမလမ်းပြမြေပုံတစ်ရပ်အဖြစ် အဓိကဆွေးနွေးတင်ပြထားသည်။

2 ဥပမာ ILO (2017)၊ အာဖရိကနိုင်ငံများအတွင်း ILO ကလေးအလုပ်သမားအစီအစဉ်များနှင့် စီမံကိန်းများဆိုင်ရာအကဲဖြတ်သုံးသပ်ချက်များအား ခွဲခြမ်းလေ့လာခြင်း 2009-2014 https://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_30355/lang--en/index.htm တွင်ရှုပါ။ မကြာသေးမီက နောက်ဆုံးပြုလုပ်ခဲ့သည့် CLMS ဖန်တီးတည်ဆောက်မှုအတွေ့အကြုံများအား ခွဲခြမ်းလေ့လာဆန်းစစ်ချက်အတွက်။

3 NAP မူကြမ်းနှင့် ပင်မပညာရေးရေစီးအတွင်း ထည့်သွင်းခြင်းဆိုင်ရာမဟာဗျူဟာစာတမ်းတို့ကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်း မရှိသေးပါ။ သို့သော် ILO နှင့် MOLIP တို့ထံ တောင်းခံရယူကြည့်ရှုနိုင်သည်။



## ၂။ လေ့လာမှုနည်းနိဿယ

ဤလေ့လာမှုတွင် အဆင့်လေးဆင့်ပါဝင်သည်။

၁။ အကြံပေးပညာရှင်များက ရရှိနိုင်သည့် သတင်းအချက်အလက်များကို ပြန်လှန်လေ့လာသုံးသပ်မှုပြုသော **ကနဦး သတင်းအချက်အလက် စာရွက်စာတမ်းလေ့လာမှု** (Initial desk study)

၂။ **လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု** (Field work) - အဓိကသတင်းပေးသူတွေ့ဆုံမေးမြန်းမှုများ (KII) နှင့် အဓိက သက်ဆိုင်သူများနှင့်အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGDs with stakeholders) အဓိကသက်ဆိုင်သူများအားလုံး အပြည့်အဝ ပူးပေါင်းပါဝင်နိုင်ရန်အတွက် အမျိုးသားအကြံပေးပညာရှင်က မြန်မာဘာသာစကားဖြင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး လေ့လာတွေ့ရှိချက်များကိုမူ အင်္ဂလိပ်ဘာသာဖြင့်အနှစ်ချုပ် မှတ်တမ်းတင်ခဲ့သည်။

၃။ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုနှင့် ကနဦး သတင်းအချက်အလက် စာရွက်စာတမ်းလေ့လာမှုတို့အပေါ် အခြေခံသော **လေ့လာတွေ့ရှိချက်များ ခွဲခြမ်းလေ့လာမှု**

၄။ ၂၀၁၈ ခုနှစ်နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲအတွင်း အဓိကသက်ဆိုင်သူများအဖို့ ကနဦးခွဲခြမ်းလေ့လာမှုနှင့် ပဏာမတွေ့ရှိချက်များအား သင့်လျော်ညီညွတ်မှုရှိကြောင်း၊ မှန်ကန်တိကျကြောင်းနှင့် အကောင်အထည်ဖော်ရန်ဖြစ်နိုင်ကြောင်း အမှန်တကယ် သိမြင်လက်ခံနိုင်ရန်အတွက် **အဓိကသက်ဆိုင်သူများထံသို့ တုံ့ပြန်ထင်မြင်ချက်ပေးခြင်းနှင့် ၎င်းတို့နှင့်အတူ စိစစ်အတည်ပြုခြင်း။**

လုပ်ငန်းစဉ်တွင်အဓိကကျသောအဆင့်များမှာ အဆင့် (၂) နှင့် (၄) တို့ဖြစ်ပြီး ထိုအဆင့်များတွင် အကြံပေးပညာရှင်များသည် MyPEC အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အဓိကသက်ဆိုင်သူများ (stakeholders) နှင့်ဆွေးနွေးတိုင်ပင်ကာ အဓိကသတင်းပေးသူ တွေ့ဆုံမေးမြန်းမှုများ (KII) အတွင်း အဓိကသက်ဆိုင်သူများကြားမှ လိုအပ်ချက်များ၊ မျှော်လင့်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို ရှင်းရှင်းလင်းလင်း နားလည်သိမြင်အောင် ဆောင်ရွက်ခဲ့သည်။ အမျိုးသားအကြံပေးပညာရှင်သည် လူငယ်များနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGCs) ပြုလုပ်ခဲ့ပြီး အခြားအုပ်စုများ/အဖွဲ့အစည်းများ/လူပုဂ္ဂိုလ်များအားလုံးနှင့်မူ အဓိကသတင်းပေးသူတွေ့ ဆုံဆွေးနွေးမှုများ (KII) ပြုလုပ်ခဲ့သည်။ အုပ်စုဖွဲ့ဆွေးနွေးမှု (FGD) အတွက် လူငယ်အုပ်စုနောက်ဆုံးရွေးချယ်မှုကို MyPEC နှင့် ၎င်း၏ အကောင်အထည်ဖော် ဆောင်ရွက်မှုမိတ်ဖက်အဖွဲ့အစည်းများတို့၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ဆောင်ခဲ့သည်။ အဆိုပါ အဖွဲ့အစည်းများသည် လူငယ်အုပ်စုများနှင့်ထိတွေ့ဆက်ဆံနိုင်အောင်လည်း ကူညီပေးခဲ့သည်။ လေ့လာမှုနည်းနိဿယနှင့် အဓိကမေးခွန်းများကို ရေးဆွဲချမှတ်ရာတွင် အဓိကသတင်းပေးသူများအဖို့ ၎င်းတို့ကအရေးကြီးသည်ဟုသတ်မှတ်ရှုမြင်သော အရေးကိစ္စများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရန်ဦးတည်ပြီး MyPEC မှ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲချမှတ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အုပ်စုဖွဲ့ဆွေးနွေးမှုနှင့် အဓိကသတင်းပေးသူတွေ့ဆုံမေးမြန်းမှု (FGD and KII) အားလုံးကို စစ်တမ်းမေးခွန်းလွှာများ (questionnaires) အစား တိုက်ဆိုင်စစ်ဆေးရန်စာရင်းများ (checklists) ဖြင့် လုပ်ဆောင်ခဲ့သည်။ အဓိကသက်ဆိုင်သူများ (stakeholders) တွင် မတူခြားနားသောလက္ခဏာရပ်များရှိရာ မတူခြားနားသော အဓိကပါဝင်ဖြေဆိုသူအုပ်စုများအတွက် အကျုံးဝင်သော တိုက်ဆိုင်စစ်ဆေးရန်စာရင်း (checklist) မှာ လေ့လာမှုကိရိယာများတွင် ပါဝင်သည်။ အချို့ အကြောင်းအရာများမှာ အုပ်စုများအားလုံးအတွက် တူညီမှုရှိပြီး အချို့မှာကွဲပြားခြားနားသည်။

အဓိကသတင်းပေးသူများအား အမျိုးသားအဆင့်နှင့် ဒေသန္တရအဆင့်အစိုးရဌာနများ (သင့်တော်ဆီလျော်မှုရှိပြီး ဖြစ်နိုင်ပါက)၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ MIS နှင့် လူငယ်များအလုပ်အကိုင် (YE) ကို အသီးသီးပံ့ပိုးကူညီလျက်ရှိသော ပြည်တွင်း၊ ရပ်ရွာဒေသတွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ရှာဖွေဖော်ထုတ်ခဲ့သည်။

အဓိကဦးစားပေး ပထဝီနယ်မြေဒေသ (FGDs နှင့် KIIs လုပ်ဆောင်ခဲ့သောမြို့နယ်များ) ရွေးချယ်မှုကို ကနဦးအချက်အလက်နှင့် စာရွက်စာတမ်းလေ့လာမှုနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှု ကြိုတင်ပြင်ဆင်ရေးအဆင့်များအတွင်း MyPEC နှင့် ဆွေးနွေးတိုင်ပင်မှုဖြင့် ပြုလုပ်ခဲ့သည်။ လေ့လာရေးပထဝီနယ်မြေဒေသများကို ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကြောင်းအချက်များနှင့် အဓိကသတင်းပေးသူများမှ သတင်းအချက်အလက်များ မျှဝေပေးအပ်လာနိုင်သည့် အနေအထားပေါ်တွင် အခြေခံပြီးရွေးချယ်ခဲ့သည်။ ထိုသို့စဉ်းစားသုံးသပ်ကာရွေးချယ်မှုပြုလုပ်ခဲ့သည့်တိုင် အကြံပေးပညာရှင်သည် အဓိကသတင်းပေးသူများဘက်မှ သတင်းအချက်အလက်များပေးအပ်ရန် တွန့်ဆုတ်နေမှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယင်းသည် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်း၏ လွှမ်းခြုံမှုနှင့် ကောက်ခံရယူခဲ့သော သတင်းအချက်အလက်များ၏ မှန်ကန်တိကျမှုအပေါ် ပေါ်လွင်ထင်ရှားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

ဤအလုပ်တာဝန်၏ရည်ရွယ်ချက်အတွက်နှင့် ILO မှ အနှစ်ချုပ်ဖော်ပြထားသော (အထက်တွင်ဖော်ပြထားသော) အဓိကကျသည့် လုပ်ဆောင်ချက်များအရ CLMS တစ်ရပ်ကို အောက်ပါအတိုင်းလုပ်ဆောင်ပေးသောစနစ်တစ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

- ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ရမည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ကလေးငယ်များနှင့် ကလေးအလုပ်သမားထုအတွင်း ကျရောက်နေပြီးဖြစ်သောကလေးများနှင့် လူငယ်များတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို စနစ်တကျ ကောက်ခံရယူသည်။
- ကလေးငယ်များ ကလေးအလုပ်သမားထုအတွင်းသို့သက်ဆင်းဝင်ရောက်မှုကို ကြိုတင်ကာကွယ်တားဆီးရန်၊ လိုအပ်လျှင် ကလေးငယ်များကို အလုပ်သမားထုမှဖယ်ရှားပြီး ကလေးနှင့် သူ/သူမ၏မိသားစုကို အခြားသော အစားထိုးရွေးချယ်စရာနည်းလမ်းများဖြင့် ပံ့ပိုးကူညီရန်နှင့် လူငယ်များ (အသက်ဆယ့်ရှစ်နှစ်အောက်) ကို အန္တရာယ်ရှိသောအလုပ်နှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းများ (WFCL) မှ အကာအကွယ်ပေးရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ အရေးယူဆောင်ရွက်နိုင်အောင် ကူညီပေးသည်။
- နောက်ထပ်လုပ်ဆောင်ချက်ကိုသတ်မှတ်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိသော ကလေးငယ်များ၏ ပြောင်းလဲတိုးတက်မှုနှင့် အခက်အခဲပြဿနာများဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျကောက်ခံရယူပြီး တုံ့ပြန် ဖြေရှင်းချက်များပေးအပ်သည်။

သို့ဖြစ်ရာ CLMS တစ်ရပ်ကို အခြားသော သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်များ (MIS) (ဥပမာ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်များ)နှင့် တူညီသောဘုံလက္ခဏာရပ်များရှိသည့် စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တစ်ရပ်အဖြစ် သတ်မှတ်ရှုမြင်နိုင်သည်။ သို့သော် လိုအပ်သောသတင်းအချက်အလက် အမျိုးအစားများကဲ့သို့သော ၎င်း၏ကိုယ်ပိုင် သီးခြားလက္ခဏာရပ်များလည်း ရှိပေသည်။

အခန်း (၁) တွင်ဖော်ပြခဲ့သကဲ့သို့ပင် မတူခြားနားသောနိုင်ငံများအတွင်း CLMSs များရေးဆွဲချမှတ်မှု ပံ့ပိုးကူညီရေးဆိုင်ရာ ILO ၏ လုပ်ငန်းများမှရရှိသော ရှိရင်းစွဲအတွေ့အကြုံများအရ CLMS အစိတ်အပိုင်းများကို ရှိရင်းစွဲစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ်များ (MIS) အတွင်း ပေါင်းစပ်ထည့်သွင်းခြင်းက သီးခြားရပ်တည်သော CLMSs များအဖြစ် ရေးဆွဲချမှတ်ခြင်းထက် ပိုမိုဖြစ်မြောက်အောင်မြင်နိုင်သည်။ သို့ဖြစ်ရာ CLMS လေ့လာမှုသည် မြန်မာနိုင်ငံအတွင်း ကနဦးသတင်းအချက် အလက်စာရွက်စာတမ်းလေ့လာမှု/လေ့လာမှုအတွက် ကနဦးကြိုတင်ပြင်ဆင်ခြင်းအဆင့်တွင် စူးစမ်းရှာဖွေဖော်ထုတ်ခဲ့သည့် ရွေးချယ်ထားသော MISs များနှင့် CLMS အား ပေါင်းစပ်သွားနိုင်မည့် အခွင့်အလမ်းများကို အဓိက ထားလေ့လာခဲ့သည်။

၁။ UNICEF မှ ပံ့ပိုးကူညီပေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် ကျင့်ကြံအသုံးပြုသော ကလေးသူငယ်အကာအကွယ်ပေးရေးစနစ် (CPS)၊

၂။ UNICEF နှင့် UNESCO မှ ပံ့ပိုးကူညီပေးခဲ့ပြီး ပညာရေးဝန်ကြီးဌာနတွင် ကျင့်ကြံအသုံးပြုသော ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS)၊



၃။ ILOမှပံ့ပိုးကူညီပေးခဲ့ပြီးအလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊အလုပ်သမားဦးစီးဌာနတွင် ကျင့်ကြံအသုံးပြုသော အလုပ်သမားဈေးကွက်သတင်းအချက်အလက်စနစ် (LMIS)၊

ဤလေ့လာမှုက အောက်ပါအကြောင်းအရာများကိုသတ်မှတ်ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဖော်ထုတ်ခဲ့သည်။

- တာဝန်ရှိသူများမှ လိုအပ်သောအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်စေရန်အတွက် မြန်မာနိုင်ငံ အခြေအနေအတွင်း CLMS တစ်ရပ်တွင် ထည့်သွင်းသင့်သည့် ကလေးအလုပ်သမားဆိုင်ရာ အရေးပါဆုံး သတင်းအချက်အလက်များမှာ အဘယ်နည်း။
- ရှိရင်းစွဲ/ရေးဆွဲဖန်တီးနေပြီးဖြစ်သော စနစ်များအား မည်သို့ဖွဲ့စည်းတည်ဆောက်ကာ ထိန်းသိမ်းမှုပြုသနည်း (ဥပမာ သတင်းအချက်များအား မည်သူတို့က မည်သို့မည်ပုံ ကောက်ခံသည်၊ ထိန်းသိမ်းသည်၊ မျှဝေသည်၊ ခွဲခြမ်းလေ့လာဆန်းစစ်သည်။ မည်သည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သည်။)
- အဆိုပါစနစ်က CLMS တစ်ရပ်၏ လိုအပ်ချက်နှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီဆီလျော်မှုရှိသနည်း။
- CLMS အစိတ်အပိုင်းများကို ရှိရင်းစွဲ/ရေးဆွဲဖန်တီးနေပြီးဖြစ်သော စနစ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စနစ်များနှင့် မည်သို့မည်ပုံ ပေါင်းစပ်သွားနိုင်မည်နည်း။

ဒေသတွင်းမှ CLMS ဆိုင်ရာစာပေစာတမ်းများအလွန်နည်းပါးပြီး မြန်မာနိုင်ငံတွင် တရားဝင်ကျင့်ကြံအသုံးပြုနေသော CLMSစနစ်တစ်ရပ်မရှိသေးသဖြင့်မြန်မာနိုင်ငံအတွက်CLMSဆိုင်ရာလေ့လာမှုများနှင့်အကဲဖြတ်သုံးသပ်ချက်များမရှိပေ။ သို့ဖြစ်ရာ ဤလေ့လာမှုသည် CLMS သဘောတရားရေးရာ နားလည်သိမြင်မှုအတွက် ILO ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများနှင့် လေ့လာမှုအတွက် KIIs များအတွင်း ကောက်ခံရယူခဲ့သော သတင်းအချက်အလက်များအပေါ်တွင် အဓိကမှီခိုအားထားခဲ့ရသည်။ ဆိုလိုသည်မှာ လေ့လာမှုအဖွဲ့က လေ့လာမှု၏အရည်အသွေးအပေါ် ရိုက်ခတ်နိုင်သည့် ကန့်သတ်ထားမြစ်ချက်နှစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟူ၍ပင်။ ပထမတစ်ချက်အနေနှင့် ILO စာတမ်းစာပေများမှာ အတော်ပင်ရှေးကျနေပြီဖြစ်သည် သို့မဟုတ် မြန်မာနိုင်ငံနှင့် ခြားနားသောအခြေအနေရှိသည့် ကမ္ဘာ့အစိတ်အပိုင်းများတွင် ရေးသားဖန်တီးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါယေဘုယျစာပေစာတမ်းများကို ယနေ့ခေတ်မြန်မာနိုင်ငံတွင်အသုံးပြုနိုင်မည်ဟု တစ်ထစ်ချမှတ်ယူရန် မဖြစ်နိုင်ပေ။ ထိုစာပေစာတမ်းများက ခေတ်နောက်ကျသွားပြီးဖြစ်နိုင်သကဲ့သို့ CLMS ၏ အောက်ခံလူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အစိတ်အပိုင်းလက္ခဏာများမှာလည်း ကွဲပြားခြားနားနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ အကြံပေးပညာရှင်များက 'ပင်ကိုယ်ထိုးထွင်းဉာဏ် (common sense)'အပေါ်နှင့် KIIs များမှရရှိသော သတင်းအချက်အလက်များအပေါ် ကြီးကြီးမားမား မှီခိုအားထားခဲ့ရသည်။ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် အချို့သော အဓိကသတင်းပေးသူများမှာ သတင်းအချက်အလက်များ မျှဝေပေးအပ်ရန်တွန့်ဆုတ်နေခဲ့သည်ဖြစ်ရာ သတင်းအချက်အလက်များနှင့်အသိအမြင်ဗဟုသုတများ ကောင်းမွန်ပြည့်စုံစွာ ရယူစုဆောင်းနိုင်ခြင်းမရှိအောင် ကန့်သတ်ပိတ်ပင်ခဲ့သည်။ သို့သော် အဓိကသတင်းပေးသူအချို့ကမူ ၎င်းတို့၏သင်ခန်းစာများ၊ စိတ်ကူးစိတ်သန်းများနှင့် အတွေးအမြင်များကို အလွန်ပွင့်လင်းစွာ မျှဝေပေးခဲ့သဖြင့် လေ့လာမှုတွင် သတင်းအချက်အလက် မလုံလောက်မှုဟူသော ပြဿနာကို ကြီးကြီးမားမား တွေ့ကြုံခံစားခဲ့ရခြင်း မရှိပေ။ ထို့အစား အမှန်တကယ်ရင်ဆိုင်ကြုံတွေ့ရသော အားနည်းချက်အကန့်အသတ်မှာ သတင်းအချက်အလက်များနှင့် ရှုထောင့်အမြင်များကို ဝေမျှခြင်းမပြုနိုင်ခဲ့သော အဓိကသက်ဆိုင်သူများ (stakeholders) အား ကိုယ်စားမပြုခြင်းမျိုး ဖြစ်နေနိုင်ခြင်းပင်။ သို့ဖြစ်ရာ လေ့လာတွေ့ရှိချက်များ စိစစ်အတည်ပြုရေးလုပ်ငန်းစဉ်သည် အဓိကသက်ဆိုင်သူများ (stakeholders) အားလုံးကို သတင်းအချက်အလက်များနှင့်ရှုထောင့်အမြင်များမျှဝေထည့်ဝင်ပေးအပ်သွားနိုင်အောင်(တွေ့ဆုံမေးမြန်းမှုအဆင့်တွင် လုပ်ဆောင်ခဲ့ခြင်းမရှိသည့်တိုင်) လှုံ့ဆော်အားပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

## ၃။ CLMS အတွက် ယေဘုယျလိုအပ်ချက်များ

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် CLMS တစ်ရပ်မှာ ပထမဆုံးနှင့်အရေးအကြီးဆုံးအနေဖြင့် ကလေးအလုပ်သမားထုတွင်ပါဝင်နေသောကလေးငယ်များ သို့မဟုတ် ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ရမည့် ဘေးအန္တရာယ်နှင့်ရင်ဆိုင် ကြုံတွေ့နေရသောကလေးငယ်များအား ၎င်းတို့၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ဖွံ့ဖြိုးမှုကို ထိခိုက်စေသည့် အလုပ်အခြေအနေများအတွင်း လှောင်ပိတ်မိမနေစေရန် ပံ့ပိုးကူညီပေးမည့် သတင်းအချက်အလက်များကောက်ခံရေး၊ ခွဲခြမ်းလေ့လာဆန်း စစ်ရေးနှင့်အသုံးပြုရေးဆိုင်ရာ စနစ်တကျချဉ်းကပ်လုပ်ဆောင်ပုံနည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။ သို့ဖြစ်ရာ CLMS တစ်ရပ်ကို လူမှုအသိုက်အဝန်းများအတွင်းနှင့် ပြည်နယ်နှင့်အမျိုးသားအဆင့်တို့တွင် တာဝန်ရှိသူများမှ လျင်မြန်ပြီး သင့်တော်လုံလောက် သောအရေးယူဆောင်ရွက်မှုများလုပ်ဆောင်နိုင်စေမည့် ရှင်းလင်းသော လွှဲပြောင်းရေးလမ်းကြောင်း/ စနစ်တစ်ရပ်ပါဝင်သည့် အချက်အလက်စီမံခန့်ခွဲမှုစနစ် (MIS) စနစ်တစ်ရပ်အဖြစ် သတ်မှတ်ရှုမြင်နိုင်သည်။

ဤလေ့လာမှု၏ရည်ရွယ်ချက် (အခန်း (၂) တွင်ဆွေးနွေးတင်ပြထားသကဲ့သို့) အတွက် CLMS တစ်ရပ်ကို အောက်ပါအတိုင်း လုပ်ဆောင်ပေးသော စနစ်တစ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်သည်။

- ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ရမည့်ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသောကလေးငယ်များနှင့် ကလေးအလုပ်သမားထုတွင် ပါဝင်နေပြီးဖြစ်သော ကလေးများနှင့် လူငယ်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို စနစ်တကျ ကောက်ခံရယူသည်။
- ကလေးငယ်များ ကလေးအလုပ်သမားထုအတွင်းသို့ သက်ဆင်းဝင်ရောက်မှုကို ကြိုတင်ကာကွယ်တားဆီးရန်၊ လိုအပ်လျှင် ကလေးငယ်များကို အလုပ်သမားထုမှဖယ်ရှားပြီး ကလေးနှင့် သူ/သူမ၏မိသားစုကို အခြားအစားထိုး ရွေးချယ်စရာနည်းလမ်းများဖြင့် ပံ့ပိုးကူညီရန်နှင့် လူငယ်များ (အသက်ဆယ့်ရှစ်နှစ်အောက်) ကို အန္တရာယ်ရှိသောအလုပ်နှင့် အဆိုးရွားဆုံးပုံစံဖြင့်ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) မှ အကာအကွယ်ပေးရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ အရေးယူဆောင်ရွက်နိုင်အောင် ကူညီပေးသည်။
- နောက်ထပ်လုပ်ဆောင်ချက်ကို သတ်မှတ်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိသောကလေးငယ်များ၏ ပြောင်းလဲတိုးတက်မှုနှင့် အခက်အခဲပြဿနာများဆိုင်ရာ သတင်းအချက်အလက်များကို စနစ်တကျကောက်ခံရယူပြီး တုံ့ပြန်ဖြေရှင်းချက်များပေးအပ်သည်။

ထိုကဲ့သို့သောစနစ်တစ်ရပ် ရေးဆွဲချမှတ်ရန်၊ အကောင်အထည်ဖော်ရန်နှင့် ထိန်းသိမ်းရန်အတွက် အစိတ်အပိုင်းလက္ခဏာရပ်အချို့က တရားဝင်အခြေတကျဖြစ်နေရန် လိုအပ်သည်။ ILO (2005)[4] တွင် CLMS တစ်ရပ်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် အကောင်အထည်ဖော်ရမည့်လုပ်ဆောင်ချက်အဆင့်များကို အနှစ်ချုပ်ဖော်ပြထားသည်။ ထိုလုပ်ဆောင်ချက်အဆင့်များတွင် ပြဿနာအားသတ်မှတ်ဖော်ထုတ်ခြင်း (ကလေးအလုပ်သမား နယ်ပယ်အတိုင်းအတာနှင့် သဘောသဘာဝ)၊ အရေးယူ ဆောင်ရွက်ချက်အတွက် မဟာမိတ်များနှင့်မိတ်ဖက်များ တည်ထောင်ခြင်းနှင့် ဥပဒေရေးရာနှင့်မူဝါဒရေးရာမူဘောင်အား ခွဲခြမ်းလေ့လာဆန်းစစ်ခြင်းတို့ပါဝင်သည်။ ဤအစီရင်ခံစာသည် အဆိုပါလုပ်ဆောင်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြသွားမည် မဟုတ်ပေ။ NAP ရေးဆွဲဖန်တီးခြင်းလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံတွင်း ကလေးအလုပ်သမားဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် ခွဲခြမ်းလေ့လာဆန်းစစ်ချက်နှင့် စာရွက်စာတမ်းများ၊ ဥပဒေရေးရာနှင့် မူဝါဒရေးရာမူဘောင်ခွဲခြမ်းလေ့လာဆန်းစစ်ချက်နှင့်ဦးစားပေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍သဘောတူညီမှုရရှိအောင် မိတ်ဖက်အဖွဲ့အစည်းများကို စုစည်းပေးသည့် အရေးပါသောလုပ်ငန်းစဉ်များပါဝင်သည်။[5] ဦးစားပေးဆောင်ရွက်ချက်များကို NAP စာရွက်စာတမ်းများတွင် သေသေချာချာ ရှင်းလင်းတင်ပြထားပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့

4 ILO (2005)၊ ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေးလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်၊ https://www.ilo.org/ipec/Action/Childlabourmonitoring/lang--en/index.htm

5 NAP ရေးဆွဲချမှတ်မှုအတွက် ILO ၏ ပံ့ပိုးကူညီမှုဖြင့် ရေးသားပြုစုကာ ပုံနှိပ်ထုတ်ဝေခဲ့သောအစီရင်ခံစာများကို https://www.ilo.org/yangon/areas/childlabour/facet/lang--en/index.htm?facetcriteria=TYP=Publication&facetdynlist=WCMS_632341 တွင် ရယူနိုင်သည်။



တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းက မြန်မာနိုင်ငံတွင်း ကလေးအလုပ်သမားအရေးကိစ္စ ကိုင်တွယ်ဖြေရှင်းရေးကို ဦးတည်ကာတည်ဆောက်ခဲ့သည့် မိတ်ဖက်လုပ်ဆောင်မှုများနှင့် သန္နိဋ္ဌာန်ချမှတ်ပြီးနံ့ဆောင်ရွက်မှုများကို ကိုယ်စားပြုသည့် ထင်ရှားပေါ်လွင်သော သင်္ကေတတစ်ရပ်ဖြစ်သည်။ ယင်းသည် သေးငယ်သော သို့မဟုတ် လွယ်ကူသော လုပ်ငန်းတာဝန်တစ်ရပ်မဟုတ်ကြောင်း မိတ်ဖက်အဖွဲ့အစည်းများက နားလည်သိမြင်ကြသည်။ လုပ်ငန်းစဉ်အတွင်း လက်တွဲပူးပေါင်းလုပ်ဆောင်သွားရန်ဟူသော သန္နိဋ္ဌာန်ချမှတ်ပြီးနံ့ဆောင်ရွက်မှုရှိသည့်အပြင် အစိုးရ၏ဦးဆောင်မှုလည်း ရှိနေသည်။ [6]

သို့ဖြစ်ရာ ဤအစီရင်ခံစာသည် ထိရောက်ကောင်းမွန်သော CLMS တစ်ရပ်ကို အမှန်တကယ်ရေးဆွဲရန်ဦးတည်သော နောက်ထပ်လုပ်ဆောင်ချက်အဆင့်များ (ILO လမ်းညွှန်ချက်တွင် အကျဉ်းချုပ်ဖော်ပြထားသကဲ့သို့)ကို သာ အဓိက အလေးပေး အာရုံစိုက်သည်။

အဆင့် (၁) CLM စီမံခန့်ခွဲမှုကို တည်ဆောက်ပါ။

အဆင့် (၂) စောင့်ကြည့်လေ့လာစစ်ဆေးရေးကိရိယာများကို ရေးဆွဲဖန်တီးပြီး စမ်းသပ်စစ်ဆေးပါ။

အဆင့် (၃) လွှဲပြောင်းရေးစနစ်ကို ရေးဆွဲဖန်တီးပါ။

အဆင့် (၄) စောင့်ကြည့်လေ့လာစစ်ဆေးရေးအဖွဲ့များကို စုစည်းပြင်ဆင်ပါ။

အဆင့် (၅) စောင့်ကြည့်လေ့လာစစ်ဆေးသူများကို လေ့ကျင့်သင်ကြားပြီး စွမ်းဆောင်ရည်တည်ဆောက်ပါ။

အဆင့် (၆) CLM ဒီဇိုင်းပုံစံကို စမ်းသပ်စစ်ဆေးပြီး ပုံတူပွားအသုံးပြုရန် စဉ်းစားသုံးသပ်ပါ။

အဆင့် (၁) တွင် သင့်တော်ကောင်းမွန်သော ကြီးကြပ်ကွပ်ကဲရေး စနစ်ယန္တယားများရှာဖွေဖော်ထုတ်ခြင်းနှင့် ရှုပ်ထွေးသော စနစ်တစ်ရပ်အား နေ့တစ်ဓူဝစီမံခန့်ခွဲမှုတို့ပါဝင်သည်။ အဆင့် (၂) တွင် အစစ်အမှန်ညွှန်းကိန်းများကို ချမှတ်ပြဋ္ဌာန်းခြင်းနှင့် အဆိုပါညွှန်းကိန်းများအား (ရှိရင်းစွဲစနစ်များနှင့် လုပ်ငန်းစဉ်များမှတစ်ဆင့်) မည်သို့မည်ပုံ အသုံးပြုနိုင်မည်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ ပါဝင်သည်။ အဆင့် (၃) သည် တာဝန်ရှိသူများအဖို့ ကလေးငယ်များ (နှင့် ၎င်းတို့၏မိသားစုများ) အား လိုအပ်သောဝန်ဆောင်မှုများရရှိအောင် လွှဲပြောင်းပေးနိုင်မည့် အမှုတွဲစီမံခန့်ခွဲမှုစနစ် (case management system) တစ်ရပ် ဖွဲ့စည်းတည်ဆောက်ပေးရန်အတွက် အလွန်အရေးပါပြီး မရှိမဖြစ်လိုအပ်သော နည်းလမ်းဖြစ်သည်။ အဆင့် (၄) နှင့် (၅) တွင် မည်သူတို့က အမှန်တကယ် စောင့်ကြည့်လေ့လာစစ်ဆေးမှုနှင့် လွှဲပြောင်းမှုကို လုပ်ဆောင်မည်။ လိုအပ်ပါက ၎င်းတို့ကို မည်သူတို့က လေ့ကျင့်သင်ကြားပေးမည်ဟူသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်မှုပါဝင်သည်။ အဆင့် (၆) မှာ စနစ်အား အပြည့်အဝ စတင်အကောင်အထည်ဖော်ခြင်း မပြုမီ ရှေ့ပြေးစမ်းသပ်ဖော်ဆောင်ခြင်း ဖြစ်သည်။

ဤလုပ်ငန်းစဉ်မှထွက်ပေါ်လာရမည့် မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းများကို အောက်တွင်ဖော်ပြထားသည်။

- မတူခြားနားသောအဆင့်များ (ဥပမာ လူမှုအသိုက်အဝန်း၊ မြို့နယ်၊ အမျိုးသားအဆင့်) တွင် တိတိကျကျ ကောက်ခံရယူရန်လိုအပ်သောညွှန်းကိန်းများ (သတင်းအချက်အလက်များ) နှင့်သက်ဆိုင်သော သဘောတူညီချက် (ဥပမာ အသက်၊ လိင်သဘာဝ၊ ပညာရေးအဆင့်၊ အလုပ်အကိုင်အမျိုးအစား၊ အလုပ်ချိန်နာရီ၊ ကလေးတစ်ဦး၏ဘဝအတွင်းမှ ကလေးသူငယ် အကာအကွယ်ပေးရေး အခြားအရေးကိစ္စများ စသည်)။
- ကုန်ကျစရိတ်နည်းနည်းနှင့် ထိရောက်ကောင်းမွန်သည့်အပြင် ကလေးသူငယ်များကို လေ့လာရှာဖွေဖော်ထုတ်သွားမည့်နေရာများ (စာသင်ကျောင်းများ၊ လူမှုအသိုက်အဝန်းများနှင့် လုပ်ငန်းခွင်များ စသည်) တွင် အကောင်အထည်ဖော်နိုင်မည့် အချက်အလက်ကောက်ခံရေးနှင့် သိမ်းဆည်းရေးစနစ်များ။
- အချက်အလက်များအား မည်သို့ တိတိကျကျကောက်ခံမည်၊ သိမ်းဆည်းမည်နှင့် မျှဝေပေးအပ်သွားမည် (အချက်အလက်ဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရယူနိုင်ခွင့် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

6 မြန်မာတိုင်းမ်စ် (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်) ကလေးအလုပ်သမားအရေအတွက် မြင့်တက်လာကြောင်း အစိုးရမှတွေ့မြင်နေရ https://www.mmtimes.com/news/government-sees-rise-child-workers.html

အပါအဝင်)၊ ကလေးငယ်တစ်ဦးလွှဲပြောင်းခြင်းအတွက် မည်သူတို့ထံတွင် တာဝန်ရှိသည်၊ လွှဲပြောင်းမှုကို စတင်လှုံ့ဆော်ပေးမည့် အဓိကလက္ခဏာရပ်များမှာ မည်သည်တို့ဖြစ်ပြီး မည်သို့သောဝန်ဆောင်မှုအမျိုးအစားများကို မည်သည့်အချိန်တွင် ပေးအပ်သွားနိုင်သည် အစရှိသောအကြောင်းအရာများကို သတ်မှတ်ပြဋ္ဌာန်းပေးသည့် အချက်အလက်ကောက်ခံခြင်း၊ သိမ်းဆည်းခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ စံလုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများ (SOPs)။ ဤတွင် ကလေးအလုပ်သမားအရေးကိစ္စအား မည်သည့်နေရာများတွင် မည်သူတို့က စောင့်ကြည့်လေ့လာစစ်ဆေးနိုင်သည်ဟူသော နားလည်မှုလည်း ပါဝင်ပေလိမ့်မည်။ ဥပမာ အလုပ်သမားစစ်ဆေးသူများသည် လုပ်ငန်းခွင်များအတွင်းသို့ဝင်ရောက်ကာ စောင့်ကြည့်လေ့လာစစ်ဆေးနိုင်သည့်အခွင့်အာဏာရှိမည်ဖြစ်သော်လည်း အချို့နိုင်ငံများတွင် အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များသည်လည်း လုပ်ငန်းခွင်များအတွင်းသို့ဝင်ရောက်ကာ စောင့်ကြည့်လေ့လာစစ်ဆေးပြီး အမှုကိစ္စများကို လွှဲပြောင်းပေးပို့နိုင်သည်။ လူမှုအသိုက်အဝန်းများအတွင်း ကလေးအလုပ်သမားအရေးကိစ္စ စောင့်ကြည့်လေ့လာစစ်ဆေးရန်အတွက် အလုပ်သမားစစ်ဆေးသူများနှင့်စာလျှင် ရပ်ရွာလူမှုအသိုက်အဝန်း အဖွဲ့ဝင်များနှင့် အတူပူးတွဲလုပ်ကိုင်ဆောင်ရွက်မှုအောက်ရှိ လူမှုရေးလုပ်သားများက ပိုမိုနေရာကျနိုင်သည်။ ကလေးသူငယ်များက လက်သင့်ခံနိုင်ဖွယ်အတိုင်းအတာထက် ပိုမိုအလုပ်လုပ်ကိုင်နေရသည့် ကိစ္စရပ်များကို စာသင်ကျောင်းများအတွင်း စောင့်ကြည့်လေ့လာစစ်ဆေးနိုင်မည့် အကောင်းဆုံးသောအနေအထားတွင် ကျောင်းဆရာ၊ ဆရာမများ တည်ရှိနေသည်။

- ကောင်းမွန်သင့်လျော်မည့်ဝန်ဆောင်မှုအမျိုးအစားများကိုလေ့လာဖော်ထုတ်ပေးမည့်'လွှဲပြောင်းရေးဝန်ဆောင်မှုအစုအဝေး (referral package)' တစ်ရပ်။ အဆိုပါဝန်ဆောင်မှုများတွင် ပညာရေးနှင့် အခြားရွေးချယ်စရာပညာရေးအထောက်အပံ့များ၊ သက်မွေးအလုပ်အကိုင်သင်တန်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်း-လူမှုရေးအထောက်အပံ့များ၊ အခြားရွေးချယ်စရာဝင်ငွေ ဖော်ဆောင်မှုလုပ်ငန်းများနှင့် လူမှုအကာအကွယ်ပေးရေးထောက်ပံ့ငွေနှင့် အာမခံအစီအစဉ်များ (အခြားဝန်ဆောင်မှုများမပါဝင်ဟုမဆိုလိုပေ) ပါဝင်သည်။
- လေ့လာဖော်ထုတ်ခဲ့သောဝန်ဆောင်မှုများ ပေးအပ်သွားနိုင်မည့် ဝန်ဆောင်မှုပေးအပ်သူများကို မြေပုံရေးဆွဲဖော်ပြမှုများ။ ထိုကဲ့သို့သော မြေပုံရေးဆွဲဖော်ပြမှုများကို နယ်မြေဒေသအဆင့်တွင်ပြုလုပ်ရမည်။ လူမှုအသိုက်အဝန်းတစ်ရပ်အတွင်း ကလေးသူငယ်များအတွက် မည်သည့်ဝန်ဆောင်မှုများရရှိနိုင်သည်ကို အတိအကျလေ့လာတွေ့မြင်နိုင်ရန်အတွက် ဖြစ်သည်။

အခန်း (၄) တွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင်းမှ ရှိရင်းစွဲစနစ်များနှင့် အဆိုပါစနစ်များက CLMS တစ်ရပ်၏ လိုအပ်ချက်များနှင့် မည်သို့မည်ပုံကိုက်ညီမှုသည်ကို လေ့လာဆန်းစစ်သွားမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွင်း ထိရောက်ကောင်းမွန်သော CLMS တစ်ရပ် ရေးဆွဲဖန်တီးကာ ချမှတ်ပြဋ္ဌာန်းသွားနိုင်ရန်အတွက် ကိုင်တွယ်ဖြေရှင်းသွားရမည့် အဓိကကျသော ပြဿနာအရေးကိစ္စများကိုလည်း လေ့လာဖော်ထုတ်သွားမည်ဖြစ်သည်။



## ၄။ မြန်မာနိုင်ငံအတွင်း CLMS ဆိုင်ရာလေ့လာတွေ့ရှိချက်များ

ဤအခန်းတွင်ဖော်ပြထားသော လေ့လာတွေ့ရှိချက်များမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် စိစစ်အတည်ပြုရေးအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအတွင်း ပြည်တွင်းအဓိကသက်ဆိုင်သူများ (stakeholders) နှင့် အသေးစိတ်ဆွေးနွေးပြီး ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲပြီးဆုံးသွားချိန် နောက်ပိုင်း၌ပင် ဤအစီရင်ခံစာပါ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များအား ပြောင်းလဲမရနိုင်သော လမ်းညွှန်ချက်အစီအစဉ် (blueprint) တစ်ရပ်အဖြစ် ရည်ရွယ်ခြင်းမရှိပေ။ ထို့အစား CLMS ရေးဆွဲဖန်တီးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့အစည်းများအား လမ်းညွှန်တည့်မတ်ပေးရန် ရည်ရွယ်သည်။ ယင်းသည် လမ်းကြောင်းတစ်လျှောက် ပြောင်းလွယ်ပြင်လွယ်မှုနှင့် အလိုက်သင့် ပြင်ဆင်ပြောင်းလဲမှုတို့ကို လိုအပ်လာမည့် အလွန်ရှည်ကြာသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာမည့်အပြင် ဤအစီရင်ခံစာကိုလည်း လုပ်ငန်းစဉ်၏ စမှတ် (ဆုံးမှတ်မဟုတ်ပါ) အဖြစ် သတ်မှတ်ရှုမြင်သင့်သည်။

### ၄.၁။ ရှိရင်းစွဲနှင့်ထွက်ပေါ်လာတော့မည့်စနစ်များ

ဤအစီရင်ခံစာအတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအတွင်းရှိ ရှိရင်းစွဲ/ထွက်ပေါ်လာတော့မည့် စီမံ ခန့်ခွဲမှုသတင်းအချက်အလက်စနစ်သုံးခုကို လေ့လာဆန်းစစ်ခဲ့သည်။ ကလေးသူငယ်အကာအကွယ်ပေးရေးစနစ် (CPS)၊ ပိုမိုတိတိကျကျဆိုရလျှင် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ၎င်း၏ အမှုတွဲစီမံခန့်ခွဲမှုစနစ် (CMS)၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS) နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ အလုပ်သမားဈေးကွက် သတင်းအချက်အလက်စနစ် (LMIS) (အလုပ်သမားစစ်ဆေးရေးကဏ္ဍအပေါ် အထူးအလေးပေး အာရုံစိုက်မှုပါဝင်သည်) တို့ဖြစ်သည်။

#### ကလေးသူငယ်အကာအကွယ်ပေးရေးစနစ် (CPS)

၂၀၁၄ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှဦးဆောင်ပြီး အမျိုးသားလူမှုအကာ အကွယ်ပေးရေးမဟာဗျူဟာတစ်ရပ်ကို ကျင့်ကြံလိုက်နာဆောင်ရွက်ခြင်းက လူမှုဝန်ထမ်းဦးစီးဌာနအတွက် မြန်မာနိုင်ငံတွင်း ကလေးသူငယ် အကာအကွယ်ပေးရေးယေဘုယျမူဘောင်အောက်တွင် အမှုတွဲစီမံခန့်ခွဲမှုစနစ် (CMS) တစ်ရပ် ချမှတ်နိုင်အောင်လမ်းခင်းပေးခဲ့သည်။ မြို့နယ်အဆင့်တွင် အမှုတွဲမန်နေဂျာများ (case managers) အားလေ့ကျင့်သင်ကြားရန်နှင့် နေရာချထားရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနကို UNICEF မှ ပံ့ပိုးကူညီခဲ့သည်။ ထိခိုက်ပျက်စီးလွယ်မှုအဆင့်မြင့်မားသော ကလေးငယ်များ၏ လိုအပ်ချက်များကိုလေ့လာဆန်းစစ်ကာ သင့်လျော်သော ဝန်ဆောင်မှုများဆီသို့ လွှဲပြောင်းပေးနိုင်ရန် အတွက်ဖြစ်သည်။ ကနဦးတွင် အမှုတွဲမန်နေဂျာ (၇၈) ဦးကိုသင်တန်းပို့ချပြီး မြို့နယ် (၂၇) ခုတွင် ခန့်အပ်နေရာချထားခဲ့ သည်။ အဓိကသတင်းပေးသူများ၏အဆိုအရ ယခုအခါ နောက်ထပ် (၂၅) မြို့နယ်ကို ထပ်မံထည့်သွင်းလိုက်ပြီဖြစ်ရာ စုစုပေါင်းမြို့နယ် (၅၂) ခုတွင် အမှုတွဲမန်နေဂျာပေါင်း (၁၁၀) နှင့် ကောင်းမွန်စွာလည်ပတ်နေသော အမှုကိစ္စစီမံခန့်ခွဲမှုစနစ် (CMS) တစ်ရပ် တည်ရှိနေသည်။ CMS တွင် စမ်းသပ်စစ်ဆေးပြီးဖြစ်ကာ သက်ဝင်လည်ပတ်နေသော ဒေတာဘေ့စ်တစ်ခု ပါရှိသည့်အပြင် ကလေးအလုပ်သမားအရေးကိစ္စမှာလည်း CMS ၏ ပဓာနကျသော အစိတ်အပိုင်းတစ်ရပ်ဖြစ်နေခဲ့ရာ ကလေးလုပ်သားထု အတွင်းပိတ်မိနေသည့် ကလေးသူငယ်များမှာ ထောက်ပံ့ကြေးများရရှိရန် လွှဲပြောင်းမှုကဲ့သို့သော အထောက်အပံ့များကို ထိုစနစ်မှတစ်ဆင့် ရရှိနိုင်လေသည်။

သို့သော် အချို့နယ်မြေဒေသများ၌ လူမှုဝန်ထမ်းဦးစီးဌာနတွင် ရုံးများနှင့်ဝန်ထမ်းများ မလုံလောက်သဖြင့် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များနှင့်အညီ CMS မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်မှာ အစဉ်တစိုက်ဆက်လက် တည်ရှိနေသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ အခြားအဖွဲ့အစည်းများ (ဥပမာ အခြားအစိုးရဌာနများနှင့် NGOs များ) နှင့်ပူးပေါင်းဆောင်ရွက်မှုကို CMS စတင်အကောင်အထည်ဖော်နိုင်မည့် အဓိကကျသောမဟာဗျူဟာတစ်ရပ်အဖြစ် သတ်မှတ်ရှုမြင်ကြသည်။ အလုပ်သမားစစ်ဆေးရေးကဲ့သို့သော အခြားစနစ်များမှ ကောက်ခံရယူခဲ့သော သတင်းအချက်အလက်

များက CMS သို့ အမှန်တကယ်ရောက်ရှိနိုင်ရန် ခက်ခဲနေခဲ့သည်။ ထို့အပြင် အချို့မြို့နယ်များတွင် ပေးအပ်နိုင်သော ဝန်ဆောင်မှုများ အလွန်ပင်နည်းပါးနေသည်ဖြစ်ရာ ရှာဖွေဖော်ထုတ်ခဲ့သောကလေးသူငယ်များအား ဝန်ဆောင်မှုများထံသို့လွှဲပြောင်းပေးရန် အမြဲတမ်းမဖြစ်နိုင် ခြင်းက အဓိကကျသောအခက်အခဲပြဿနာရပ်တစ်ခုဖြစ်သည်။ နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပခဲ့သော မိတ်ဖက်အလုပ် ရုံဆွေးနွေးပွဲအတွင်း ပါဝင်တက်ရောက်သူများက လူမှုအသိုက်အဝန်းအတွင်း အသိပညာပေးရေးလုပ်ငန်းများဆက်လက်လုပ် ဆောင်သွားရန်လိုအပ်ချက်နှင့် ရရှိနိုင်မည့်အရင်းအမြစ်များအားလုံးကို အသုံးချနိုင်ရန်အတွက် NGOs များ နှင့် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ဆက်လက် လှုံ့ဆော်စည်းရုံးသွားရန် လိုအပ်ချက်တို့ကို အလေးပေးတင်ပြခဲ့ကြသည်။ ယင်းကို လူမှုအသိုက်အဝန်းအား မြေပုံရေးဆွဲဖော်ပြမှုများပုံစံဖြင့် လုပ်ဆောင်နိုင်ပြီး CMS အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သော လုပ်ငန်းအပေါ်တွင် အခြေခံသင့်သည်။

အဆိုပါ စိန်ခေါ်မှုအခက်အခဲများ ရှိနေသည့်တိုင် CMS သည် CLMS အောက်ရှိလွှဲပြောင်းမှုများအတွက် အလွန်ပင်သင့်လျော်သော စနစ်တစ်ရပ်ဖြစ်နိုင်သည်။ CLMS အောက်တွင် သီးခြားစင်ပြိုင်လွှဲပြောင်းမှု စနစ်တစ်ရပ်ကို ဖွဲ့စည်းတည်ဆောက်မည့်အစား CLMS အတွင်းရှိ လွှဲပြောင်းရေးအစိတ်အပိုင်းကို CMS နှင့်ပေါင်းစပ်ခြင်းက ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်။ သို့သော် CMS နှင့် အခြားစနစ်များ (အဓိကအားဖြင့် အလုပ်သမားစစ်ဆေးရေးစနစ်) ကြား ထိရောက်ကောင်းမွန်သော အချက်အလက်နှင့် သတင်းအချက်အလက် မျှဝေပေးအပ်မှုရှိရန် လိုအပ်သည်။ အလုပ်သမားစစ်ဆေးရေးအဖွဲ့မှ ဝင်ရောက်ကာ ကလေးအလုပ်သမားများအား စစ်ဆေး/ရှာဖွေဖော်ထုတ်ပိုင်ခွင့်ရှိသော လုပ်ငန်းခွင်များအတွင်း ကလေးအလုပ်သမားများကို အမှန်တကယ် ရှာဖွေဖော်ထုတ်နိုင်ရန်အတွက်ဖြစ်သည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့က ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှစ်ခုလုံးက အလုပ်သမားစစ်ဆေးရေးကို လုပ်သားအင်အားစစ်တမ်း (LFS) (အောက်တွင်ရှုပါ) နှင့် ချိတ်ဆက်ပြီး CLMS နှင့်ပတ်သက်၍ အတူလက်တွဲလုပ်ဆောင်သွားရန်အတွက် ပြင်းပြသောစိတ်ဝင်စားမှုကို ထုတ်ဖော်ပြသခဲ့ကြသည်။ သို့ဖြစ်ရာ CMS သည် CLMS အတွက် သင့်တော်ကောင်းမွန်မှုအရှိဆုံးသော 'ကျောရိုး' ဖြစ်နိုင်ပြီး မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် လာမည့်လများအတွင်း သင့်တော်ကောင်းမွန်သော အချက်အလက်ကောက်ခံရေးနှင့်မျှဝေရေး ပရိုတိုကောများ/လုပ်ငန်း ဆောင်ရွက်မှုစံလုပ်ထုံးလုပ်နည်းများကို လေ့လာရှာဖွေဖော်ထုတ်သွားရန် လိုအပ်သည်။ CMS နှင့် အလုပ်သမား စစ်ဆေးရေးဖောင်ပုံစံများ (ကလေးလုပ် သားညွှန်းကိန်းများပါဝင်သည်၊ အောက်တွင်ရှုပါ) အတွင်းရှိ ရှိရင်းစွဲ အချက်အလက် ကောက်ခံရေးစနစ်ကို CLMS အချက် အလက်ကောက်ခံရေး ဘုံပရိုတိုကောအတွက် ကနဦးစမှတ်အဖြစ် အသုံးပြုသင့်သည်။

## ပညာရေးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (EMIS)

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနသည် ပြည့်စုံသော ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS) တစ်ရပ် တည်ဆောက်မှု၏ အစောပိုင်းအဆင့်များတွင် ရောက်ရှိနေသည်။ အဆိုပါစနစ်သည် အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန (DTVET) ၊ အဆင့်မြင့်ပညာဦးစီးဌာနတို့အပြင် လူသားအရင်းအမြစ်ဌာနကိုလည်း လွှမ်းခြုံသောစနစ်ဖြစ်သည်။ ဆိုလိုသည်မှာ ပညာရေးဝန်ကြီးဌာနမှ စီမံအုပ်ချုပ်သောပညာရေဌာနများအားလုံးကို တဖြည်းဖြည်းနှင့် EMIS ၏ လွှမ်းခြုံမှုအောက်သို့ ထည့်သွင်းသွားမည်ဖြစ်သည်။ ထိုစနစ်များကို နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် UNESCO ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာကွန်ပျူတာကုမ္ပဏီနှင့်အတူ လက်တွဲပူးပေါင်းကာ ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။

အဆိုပါစနစ်ကို ကျောင်းအဆင့်တွင် အချက်အလက်ကောက်ခံရေးအတွက် ဒီဇိုင်းရေးဆွဲဖန်တီးထားသည်။ ဆရာ၊ ဆရာမများက ဖောင်ပုံစံစာရွက်တစ်ခု၊ ကွန်ပျူတာစာရင်းဇယား သို့မဟုတ် Word စာရွက်စာတမ်းတစ်ခုကို အသုံးပြုကာ သတင်းအချက်အလက်များကို မှတ်တမ်းတင်သည်။ သတင်းအချက်အလက်များကို မြို့နယ်ပညာရေးရုံးတွင် ပေါင်းစပ်စုစည်းပြီး အချက်အလက်များကို cloud solution တစ်ရပ်မှတစ်ဆင့် တည်ဆောက်ထားသော အမျိုးသားဒေတာဘေ့စ်အတွင်းသို့ ဖြည့်သွင်းသည်။ EMIS သည် အခြေခံပညာရေးသတင်းအချက်အလက်များ (ဥပမာ အတန်းစဉ်အလိုက်



ကျောင်းသူကျောင်းသား အရေအတွက်၊ ဆရာ၊ဆရာမအရေအတွက်၊ တက်ရောက်ခဲ့သောသင်တန်း၊ ဝန်ဆောင်မှု၊ အငြိမ်းစားယူမည့်နေ့စွဲ၊ ဆရာဆရာမနှင့် ဝန်ထမ်းအင်အား၊ ကျောင်းသူကျောင်းသားနှင့် စာသင်ခန်းအချိုး၊ ကျောင်းသူကျောင်းသားနှင့် ဆရာဆရာမ အချိုး၊ ကျောင်းသူကျောင်းသားနှင့် အိမ်သာအရေအတွက်အချိုး စသည်) တို့ကို ကောက်ခံသွားမည်ဖြစ်သည်။ ကျောင်းသူကျောင်းသားများ၏ အချက်အလက်များအနေနှင့် ကျောင်းဆက်တက်နှုန်း၊ အထက်တန်း မပြီးဆုံးမှုနှုန်း၊ ကျောင်းထွက်နှုန်း၊ အထက်တန်းပြီးဆုံး အောင်မြင်မှုနှုန်း စသည်တို့ကို ကောက်ခံမည် ဖြစ်သည်။

EMIS နှင့် CLMS နှစ်ခုလုံး သက်ဝင်လည်ပတ်လာသည်နှင့် တစ်ပြိုင်နက် ပိုမိုကျယ်ပြန့်သော ဖြစ်ပေါ်ပြောင်းလဲမှုလမ်းကြောင်းများကို ခွဲခြမ်းလေ့လာဆန်းစစ်ရန်နှင့် အချက်အလက် ပျံ့နှံ့တည်ရှိမှုပုံစံများကို စိစစ်အတည်ပြုရန် (ဥပမာ ကျောင်းဆက်တက်နှုန်းနှင့် အလုပ်တွင်ပါဝင်လုပ်ကိုင်မှုနှုန်းတို့က တစ်ခုနှင့်တစ်ခု မည်သည့်နေရာတွင် အကျိုးသက်ရောက်မှုရှိနေကြောင်းကို သိမြင်နားလည်နိုင်ရန်)အတွက် အချက်အလက်များကို အပြန်အလှန်ကိုးကားခြင်း သို့မဟုတ် နှိုင်းယှဉ်လေ့လာခြင်းက အလွန်အသုံးဝင်နိုင်သည်။ ထို့အပြင် ကျောင်းများ (အခြေခံကျောင်းများနှင့် သက်မွေးလေ့ကျင့်ရေးကျောင်းများ)တွင် CLMS ကို အထောက်အကူပြုကိရိယာတစ်ခုအဖြစ် မည်သို့မည်ပုံရရှိစေနိုင်ကြောင်း စဉ်းစားသုံးသပ်ရန် လိုအပ်သည်။ သို့ဆိုလျှင် (ဥပမာ) ကျောင်းဆက်တက်နှုန်းဆိုင်ရာ အချက်အလက်ကို ကောက်ခံရယူသော ဆရာဆရာမများသည် ကလေးတစ်ဦးက ကျောင်းမှန်မှန်တက်ရမည့်အစား အလုပ်လုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိလျှင် CLMS မှတစ်ဆင့် ဝန်ဆောင်မှုများထံသို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်သည်။ သို့သော် EMIS ကို CLMS ပေါင်းစပ်ထည့်သွင်းရေးအတွက် အဓိကထားအသုံးပြုခြင်းက အကြောင်းရင်းနှစ်ခုကြောင့် ကောင်းစွာ အလုပ်ဖြစ်မည် မဟုတ်ပေ။ ပထမတစ်ခုမှာ EMIS သည် ကျောင်းတက်သော ကလေးငယ်များကိုသာ လေ့လာဖော်ထုတ်နိုင်သည်ဖြစ်ရာ ထိခိုက်ပျက်စီးလွယ်မှု အဆင့်အမြင့်မားဆုံးသော ကလေးအလုပ်သမားများကို ချန်လှပ်ဖယ်ထုတ်မိနိုင်သည်။ ဒုတိယတစ်ခုမှာ EMIS တွင် လွှဲပြောင်းရေးအစိတ်အပိုင်းမပါရှိသဖြင့် CMS ကဲ့သို့သော လွှဲ ပြောင်းရေးစနစ်တစ်ရပ်နှင့် ချိတ်ဆက်ရနိုင်သည်။ သို့သော် EMIS သည် ပိုမိုကျယ်ပြန့်သော CLMS အချက်အလက်ကောက်ခံမှုအတွက် အချက်အလက်များ ပေးအပ်နိုင်ဆဲဖြစ်ပြီး လွှဲပြောင်းရန်လိုအပ်မည့် အမှုကိစ္စရပ်တစ်ခုချင်းစီကိုလည်း ကျောင်းများတွင် လေ့လာဖော်ထုတ်ပေးနိုင်သည်။ သို့ဖြစ်ရာ CLMS ဒီဇိုင်းပုံစံတွင် CLMS အား EMIS နှင့် မည်သို့မည်ပုံ ချိတ်ဆက်သွားနိုင်မည်ကို ထည့်သွင်းစဉ်းစားသုံးသပ်ရန် အကြံပြုအပ်ပါသည်။

EMIS တည်ဆောက်ခြင်းက အလွန်ကြီးမားသော လုပ်ငန်းတစ်ရပ်ဖြစ်ရာ ပညာရေးဝန်ကြီးဌာနနှင့် ၎င်း၏ဝန်ထမ်းများမှာ ထိုလုပ်ငန်းအပေါ်တွင်သာ အပြည့်အဝ အာရုံစိုက်နေနိုင်သည်ကိုအမှတ်ရသင့်၏။ အဓိကသတင်းပေးသူ အချို့၏ အဆိုအရ EMIS စတင် အကောင်အထည်ဖော်နိုင်ရန်အတွက် သတင်းအချက်အလက်နည်းပညာ (IT)နှင့် အခြားအကြောင်းအရာများတို့နှင့်ပတ်သက်သော စွမ်းဆောင်ရည်တည်ဆောက်မှုများကို ကြီးကြီးမားမားလုပ်ဆောင်သွားရန်လိုအပ်နေသည်။ သို့ဖြစ်ရာ ဤအနေအထား၌ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဆိုင်ရာအချက်အလက်များ ပံ့ပိုးပေးအပ်ခြင်း (အမှုကိစ္စများ လွှဲပြောင်းခြင်း လည်းပါဝင်ကောင်းပါဝင်ပေမည်) မှအပ CLMS တွင် အဓိကကျသောအခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နိုင်မည့် စွမ်းဆောင်ရည်ရှိသည်ဟု မျှော်လင့်ခြင်းက လက်တွေ့မကျပါချေ။

CLMS ဒီဇိုင်းရေးဆွဲဖန်တီးရန်အတွက် EMIS ဒေတာဘေ့စ်တည်ဆောက်ခြင်းနှင့် စတင်အသုံးချဆောင်ရွက်ခြင်း အတွေ့အကြုံများနှင့် ဤလုပ်ငန်းစဉ်၏ရှုပ်ထွေးနက်နဲမှု အတိုင်းအတာတို့ကို သတိပြုရန်လည်း အရေးကြီးသည်။ EMIS အတွေ့အကြုံများသည် (သီးခြားစင်ပြိုင် ဒေတာဘေ့စ်တစ်ရပ်ပါဝင်သော သီးခြားလွှဲပြောင်းရေးစနစ်တစ်ရပ် တည်ဆောက်မည့်အစား) CLMS အား လူမှုဝန်ထမ်းဦးစီးဌာန၏ CMS နှင့်ပေါင်းစပ်သွားရန်ဟူသော အထက်ပါအကြံပြုချက်ကို ထပ်မံအားဖြည့်ထောက်ခံနေပေသည်။

## အလုပ်သမားဈေးကွက်သတင်းအချက်အလက်စနစ် (LMIS)

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်များမှအချက်အလက်များကိုအစဉ်တစိုက်/အချိန်နှင့်တစ်ပြေးညီမှတ်တမ်းတင်ကောက်ခံနေသော အလုပ်သမားဈေးကွက် သတင်းအချက်အလက်စနစ် (LMIS) တစ်ရပ်မရှိသည့်အပြင် ထိုကဲ့သို့သော စနစ်တစ်ရပ်ကို ချမှတ်ဖော်ဆောင်သွားမည့် အစီအစဉ်များလည်း မရှိပေ။ သို့သော် လက်ရှိတွင် မြန်မာနိုင်ငံသည် လုပ်သားအင်အားလေ့လာမှုစစ်တမ်း (LFS) များကို ပုံမှန်အချိန်ဇယားတစ်ခုသတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ၂၅ နှစ်တာ ရပ်ဆိုင်းသွားခဲ့ပြီးနောက် ပထမဆုံးသော LFS ကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် တို့တွင်လည်း ထပ်မံအကောင်အထည်ဖော်ခဲ့သည်။ လက်ရှိတွင် LFS အချက်အလက်များကို တစ်နှစ်လျှင်နှစ်ကြိမ်ကောက်ခံခဲ့သည်။ ၂၀၁၅ ခုနှစ် LFS တွင် စာသင်ကျောင်းမှအလုပ်ခွင်သို့ ကူးပြောင်းမှုစစ်တမ်း အပြည့်အစုံတစ်ရပ်လည်း ပါဝင်ခဲ့ပြီး နောက်ဆက်တွဲ LFS များတွင် စံနည်းနာနိသသယဖြင့် ကောက်ခံရယူခဲ့သော ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များ (ဥပမာ အသက်အရွယ်အလိုက် အလုပ်တွင် ပါဝင်လုပ်ကိုင်နှုန်းများ၊ အသက်အရွယ်အလိုက် လုပ်ကိုင်သောအလုပ်ချိန်နာရီများ) ပါဝင်သည်။

အလုပ်သမားစာရင်းအင်းဆိုင်ရာ စံနည်းနာနိသသယကိုအသုံးပြုကာ အချက်အလက်များကို နမူနာအိမ်ထောင်စုများမှ ကောက်ခံရယူသည်။ အချက်အလက်ကောက်ခံမှုအားလုံးကို စာရွက်အသုံးပြုလုပ်ဆောင်ခြင်းဖြစ်ပြီး အမျိုးသားအဆင့်၌ အလုပ်သမားဦးစီးဌာနတွင် အချက်အလက်များကို Excel နှင့် SPSSဖြင့် သိမ်းဆည်းကာ ကိုင်တွယ်ဆောင်ရွက်မှုများ ပြုလုပ်သည်။ အစီရင်ခံစာများ ရေးသားပြုစုပြီးသည်နှင့်တစ်ပြိုင်နက် ထိုအစီရင်ခံစာများကို ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှ တစ်ဆင့် ထုတ်ပြန်ပေးပြီး အချက်အလက်စုများ(data sets)များကိုလည်း တောင်းခံရယူနိုင်အောင် ဆောင်ရွက်ထားသည်။

ကလေးအလုပ်သမားဆိုင်ရာမေးခွန်းများပါဝင်သော ပုံမှန်အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်သားအင်အားစစ်တမ်း (LFS)သည် နောက်ဆုံးရအမျိုးသားစာရင်းအင်းအချက်အလက်များကို ကုန်ကျစရိတ်နည်းနည်းနှင့် ထိန်းသိမ်းမှုပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သောအကျင့်အကြံဖြစ်ကြောင်း တွေ့မြင်ခဲ့ရသည်[7] ဖြစ်ရာ ထိုအကျင့်အကြံကို အထူးပင်အားပေးတိုက်တွန်းအပ်ပါသည်။ သို့သော် LFSသည်ကလေးအလုပ်သမားထုအတွင်းသို့ကျရောက်မသွားစေရေးအတွက် ကူညီထောက်ပံ့မှုများ လိုအပ်လျက်ရှိသော ကလေးသူငယ်များနှင့်မိသားစုများကို (အမှုကိစ္စ စီမံခန့်ခွဲမှုစနစ်တစ်ရပ်မှ တစ်ဆင့်) အကောင်းဆုံး ရှာဖွေဖော်ထုတ်ပေးနိုင်သည့် ကိရိယာတစ်ရပ်မဟုတ်ပေ။ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အချက်အလက်ကောက်ခံခြင်းနှင့် စိစစ်အတည်ပြုခြင်းလုပ်ငန်းတွင်မူ LFS သည် အလွန်အရေးပါသော အစိတ်အပိုင်းအဖြစ် တည်ရှိနေဆဲဖြစ်သည်။ တစ်နှစ်နှစ်ကြိမ်ကောက်ခံသော LFS တွင်ပါဝင်သည့် ကလေးအလုပ်သမားဆိုင်ရာမေးခွန်းများအပြင် ပိုမိုပြည့်စုံသော ကလေးအလုပ်သမားဆိုင်ရာ သီးခြားအစိတ်အပိုင်း (child labour module) တစ်ရပ်ကို ပုံမှန်အချိန် ကာလတစ်ခုသတ်မှတ်ကာ (ဥပမာ သုံးနှစ် သို့မဟုတ် လေးနှစ်တစ်ကြိမ်) အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်သည်။ ယင်းသည် CLMS အတွက် အရေးပါသော စိစစ်အတည်ပြုရေး/မတူညီသော နည်းလမ်းများဖြင့် အချက်အလက်ကောက်ခံရေးစနစ် ယန္တရားတစ်ရပ်အဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအဖို့ အနာဂတ်ကာလ NAP ခြေရာကောက် လေ့လာစောင့်ကြည့်ခြင်းနှင့် မူဝါဒရေးရာအကဲဖြတ်သုံး သပ်ခြင်းနှင့် ရေးဆွဲခြင်းတို့အတွက် ပြည်နယ်နှင့် အမျိုးသားအဆင့် အချက်အလက်များကို ထိန်းသိမ်းမှုပြုနိုင်အောင်လည်း ကူညီပေးနိုင်မည်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအတွင်း CLMS နှင့်ပတ်သက်၍ အဓိကကျသော အခြား ဌာနတစ်ခုမှာ အလုပ်ရုံများနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (FGLLID) ဖြစ်သည်။ FGLLID သည် NAP အတွက် ဦးစီးဦးဆောင်ဌာနတစ်ခုဖြစ်သည့်အပြင် အလုပ်သမားစစ်ဆေးရေးအဖွဲ့လည်း ဖွဲ့စည်းထားရှိသည်။ အလုပ်သမားစစ်ဆေးသူများသည် လုပ်ငန်းခွင်များလေ့လာစောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ ၎င်းတို့၏ နေ့တဓူဝလုပ်ငန်းများတွင် လွှဲပြောင်းပေး ရန်လိုအပ်သောကိစ္စရပ်များကို ပိုမိုရင်ဆိုင်ကြုံတွေ့ရနိုင်သည်။ အလုပ်သမားစစ်ဆေးရေး စံလုပ်ထုံးလုပ်နည်းများနှင့် စစ်ဆေးရေးဖောင်ပုံစံများတွင် ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးမှုလည်း ပါဝင်နေပြီးဖြစ်သည်။ သို့ဖြစ်ရာ ဤအနေအထားတွင် အလုပ်သမားစစ်ဆေးမှုကို CMS နှင့် ပိုမိုချိတ်ဆက်နိုင်ရေးသည် အထူးဦးစားပေးကိစ္စရပ်တစ်ခု ဖြစ်သည်။

CMS နှင့် အလုပ်သမားစစ်ဆေးရေးစနစ်ကြား ချိတ်ဆက်ခြင်းက အဆိုးရွားဆုံး ကလေးအလုပ်သမားပုံစံ (WFCL) ဖြစ်မှုများအားတရားစွဲဆိုအရေးယူနိုင်မည့်စွမ်းရည်ကိုလည်းအားကောင်းခိုင်မာစေမည်ဖြစ်၏။ အလုပ်သမားစစ်ဆေးရေးဌာတွင် လူမှုဝန်ထမ်းဦးစီးဌာနထက်ကျော်လွန်ပြီး ရဲတပ်ဖွဲ့၏အခွင့်အာဏာနှင့်ကွဲပြားခြားနားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေး အခွင့်အာဏာတစ်ရပ်ရှိသောကြောင့် ဖြစ်သည်။

အလုပ်သမားစစ်ဆေးမှုနှင့် CMS ကို ချိတ်ဆက်ခြင်းကြောင့် (အထက်တွင်လည်း ဆွေးနွေးဖော်ပြခဲ့သကဲ့သို့ပင်) အချက်အလက် မှတ်တမ်းတင်ရေးဘုံစနစ်တစ်ရပ်ကို လေ့လာဖော်ထုတ်ရန် မဖြစ်မနေလိုအပ်လာရသည်။ အလုပ်သမားစစ်ဆေးသူများနှင့် CMS အမှုတွဲမန်နေဂျာများကြား သက်တောင့်သက်သာ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် အမှုကိစ္စများကို တစ်ဦးမှတစ်ဦးထံ မည်သို့မည်ပုံလွှဲပြောင်းရမည်ကို ကောင်းစွာနားလည်သိရှိနိုင်ရန်လည်းလိုအပ်သည်။ အေဂျင်စီနစ်ရပ်လုံး (နှင့် အလုပ်သမားသမဂ္ဂများနှင့် NGOs များကဲ့သို့သော အခြားသောမိတ်ဖက်အဖွဲ့အစည်းများ) ပါဝင်သော ပူးတွဲသင်တန်းများက အခြားနိုင်ငံများတွင် (ဥပမာ ကမ္ဘောဒီးယားနိုင်ငံ) အလွန်ထိရောက်အောင်မြင်မှုရှိခဲ့ကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။[8]

ကလေးအလုပ်သမားအရေးကိစ္စက FGLLID ၏အခွင့်အာဏာအောက်တွင်ရှိကြောင်း အလွန်ထင်ရှားပေါ်လွင်နေသည်ဖြစ်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) မှာ NAP အတွက် ဦးစီးဦးဆောင်အဖွဲ့အစည်းဖြစ်သည်။ CLMS အချက်အလက်များကို MOLIP အတွင်းသိမ်းဆည်းရန်နှင့် သက်ဆိုင်ရာ MOLIP ဝန်ထမ်းများမှ အလွယ်တကူ လက်လှမ်းမီရယူနိုင်အောင်ထားရှိရန် မဖြစ်မနေလိုအပ်သည်။ သို့ဖြစ်ရာ CMS ပုံတူဒေတာဘေ့စ်တစ်ခုကို LFS ဆိုင်ရာ အလုပ်သမားဦးစီးဌာန၏စနစ်များနှင့် အလုပ်သမား စစ်ဆေးရေးစနစ်များတို့နှင့် မည်သို့မည်ပုံပေါင်းစပ်သွားနိုင်မည်ကို လေ့လာဖော်ထုတ်သွားရန် အကြံပြုအပ်ပါသည်။ CMS ဒေတာဘေ့စ်တစ်ခုလုံးကို ပေါင်းစပ်သင့်သလော သို့မဟုတ် ကလေးအလုပ်သမားများပါဝင်သော အမှုကိစ္စများကိုသာ ပေါင်းစပ်သင့်သလော ဆိုသည်ကိုလည်း ထပ်မံလေ့လာဖော်ထုတ်သွားသင့်သည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှုထောင့်တစ်ရပ်မှ ကြည့်လျှင် ကလေး အလုပ်သမားများပါဝင်သော အမှုကိစ္စများကိုသာပေါင်းစပ်ခြင်းက ပိုမိုနှစ်သက်ဖွယ်ဖြစ်သော်လည်း ယင်းသည် ပိုမိုနက်နဲ ရှုပ်ထွေးနိုင်သည်။ EMIS cloud-based solution တည်ဆောက်မှုပုံစံကို သေသေချာချာလေ့လာကြည့်ရှုခြင်းက ပုံတူဒေတာဘေ့စ်စနစ်အတွက် အသုံးဝင်နိုင်သည်။

**အနှစ်ချုပ်ရလျှင် အောက်ဖော်ပြပါအကြောင်းအရာများကိုလုပ်ဆောင်သွားရန် အကြံပြုတင်ပြအပ်ပါသည်။**

- CLMS တစ်ခုလုံးကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) တွင် ထားရှိသင့်သည်။
- CLMS လွှဲပြောင်းရေးစနစ်ကို လူမှုဝန်ထမ်းဦးစီးဌာန (DSW) ၏ CMS နှင့် အပြည့်အဝပေါင်းစပ်သင့်သည်။
- အမျိုးသားအဆင့် ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေးအတွက် အချက်အလက်များကို EMIS မှ မည်သို့ မည်ပုံပံ့ပိုးပေးအပ်နိုင်မည်ကို လေ့လာဖော်ထုတ်သင့်သည်။
- အလုပ်သမားဦးစီးဌာန၏ LFS သည် အမျိုးသားအဆင့် စောင့်ကြည့်လေ့လာစစ်ဆေးရေးအတွက် အဓိကစနစ်ဖြစ်နိုင်သည်။
- ဦးစားပေးကိစ္စရပ်အနေဖြင့် အလုပ်သမားစစ်ဆေးရေးစနစ်နှင့် စာသင်ကျောင်းအဆင့် ကျောင်းသားများမှတ်ပုံတင်စာရင်းသွင်းမှုတို့ကို CLMS မှတစ်ဆင့် CMS နှင့် မည်သို့မည်ပုံချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း လေ့လာဖော်ထုတ်ရမည်။ ထိုသို့ဖြင့် အလုပ်သမားစစ်ဆေးသူများနှင့် ဆရာဆရာမများ/ကျောင်းစီမံခန့်ခွဲရေးအဖွဲ့တို့က


7 ရည်ညွှန်းချက်ထည့်သွင်းပါ – SIMPOC စစ်တမ်းအပေါ် ILO ၏ အကဲဖြတ်သုံးသပ်ချက်ဖြစ်နိုင်သည်။

8 ILO (2017)၊ အလုပ်သမားစစ်ဆေးမှုနှင့် ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေးအစီအစဉ်များအား မဟာဗျူဟာမြောက် ပေါင်းစပ်လုပ်ဆောင်ခြင်းမှတစ်ဆင့် ကလေးအလုပ်သမားဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများလေးစားလိုက်နာမှုကို မြှင့်တင်ခြင်း https://www.ilo.org/wcmsp5/groups/public/---ed_dialogue/---lab_admin/documents/publication/wcms_543568.pdf

၎င်းတို့လေ့လာ တွေ့မြင်ခဲ့သည့် သီးခြားကလေးအလုပ်သမားကိစ္စရပ်တစ်ခုချင်းစီကို ဝန်ဆောင်မှုများရရှိနိုင်ရန် လွှဲပြောင်းပေးနိုင်မည့် အပြင် CMS အမှုတွဲမန်နေဂျာများကလည်း အရေးဆိုတိုင်တန်းမှုများအရ လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် လုပ်ငန်းခွင်အတွင်း စစ်ဆေးမှုပြုလုပ်ရန်အတွက် အလုပ်သမားစစ်ဆေးရေးအဖွဲ့ကို အကြောင်းကြားခေါ်ယူနိုင်မည် ဖြစ်သည်။

- သတင်းနည်းပညာအဖြေရှာဖြေရှင်းရေးစနစ်များ (IT solutions) နှင့် အချက်အလက် မှတ်ပုံတင်ရေးစနစ်များသည် အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေမှုကို ပံ့ပိုးပေးနိုင်ရမည်။ တစ်ပြိုင်တည်းမှာပင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အကာအကွယ်ပေးရမည် (၎င်းတို့၏ သတင်းအချက်အလက်များကို ထိုစနစ်များတွင် သိမ်းဆည်းပြီး ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်)။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့က ကျင်းပခဲ့သော မိတ်ဖက်အလုပ်ရုံဆွေးနွေးပွဲအတွင်း၌ ပါဝင်တက်ရောက်သူများက အဆိုပါပြဿနာအရေးကိစ္စများကို ထည့်သွင်းသုံးသပ်အဖြေရှာနိုင်ရန်အတွက် CLMS တစ်ရပ်အား မည်သို့စီစဉ်နေရာချနိုင်မည်ကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ မတူခြားနားသော အုပ်စုများမှပေးအပ်သော အကြံဉာဏ်များဖြင့် ရေးဆွဲထားသော ၎င်းဖွဲ့စည်းတည်ဆောက်မှုပုံစံ (organogram) မှာ နောက်ဆုံးအပြီးသတ်ပုံစံမဟုတ်ပေ။ အလုပ်ရုံဆွေးနွေးပွဲအတွင်းမှ ဆွေးနွေးသုံးသပ်ချက်များအပေါ် အခြေခံပြီး CLMS တစ်ရပ်ဖွဲ့စည်းတည်ဆောက်မှုအတွက် အကြံပြုချက်တစ်ရပ်ပေးအပ်ခြင်းမျှသာ ဖြစ်သည်။






အထက်ပါပုံအရ ထိရောက်ကောင်းမွန်သောသတင်းအချက်အလက်မျှဝေရေးနှင့် ဆက်သွယ်ရေးတို့မှာ CLMS တွင် မရှိမဖြစ် အရေးပါသောအစိတ်အပိုင်းများဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေသည်ဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲအတွင်း၌ ပါဝင်တက်ရောက်သူများသည် CLMS ဖန်တီးတည်ဆောက်မှုတွင် လွှဲပြောင်းမှုများအတွက်သာမဟုတ်ဘဲ အချက်အလက်နှင့် သတင်းအချက်အလက် မျှဝေမှုများအတွက်ပါရည်ရွယ်ပြီး လုပ်ငန်းဆောင်ရွက်မှုစံလုပ်ထုံးလုပ်နည်းများ (SOPs) အား ဦးစားပေးကိစ္စရပ်တစ်ခုအနေနှင့် ရေးဆွဲချမှတ်သွားရန်အရေးပါပုံကို အလေးပေးဆွေးနွေးတင်ပြခဲ့ကြသည်။ အချက်အလက်ကောက်ခံခြင်း၊ မျှဝေခြင်း၊ သိမ်းဆည်းခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာ အဆိုပါ SOPs များမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို ယေဘုယျ သတင်းအချက်အလက်များ ရယူနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့သော် ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များကိုမူ လျှို့ဝှက်အဖြစ်သိမ်းဆည်းထားရှိပြီး လိုအပ်သလောက်သာသိရှိစေရေး သဘောတရားအပေါ်အခြေခံကာ မျှဝေပေးအပ် သင့်သည်။

## ၄.၂။ CLMS တစ်ရပ်တည်ဆောက်ရေး အဓိက လုပ်ဆောင်ချက်အဆင့်များဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ဤအပိုင်းသည် အပိုင်း (၃) တွင်အကျဉ်းချုံးတင်ပြထားသော CLMS တစ်ရပ်တည်ဆောက်ရေး အဓိကကျသည့်လုပ်ဆောင်ချက်အဆင့်များနှင့် သက်ဆိုင်သော ပဏာမကွင်းဆင်းလေ့လာတွေ့ရှိချက်များကို ဆွေးနွေးတင်ပြထားသည်။ မိတ်ဖက်အဖွဲ့အစည်းများအဖို့ ထည့်သွင်းစဉ်းစားသုံးသပ်ရန် လိုအပ်သည့် အဓိကပြဿနာအရေးကိစ္စများစာရင်းတစ်ခု (မြန်မာနိုင်ငံ၏ အခြေအနေတွင် သီးသန့်ဖြစ်သောပြဿနာများ) ပေးစွမ်းနိုင်ရန်ဦးတည်ရည်ရွယ်သည်။ သို့သော် ထိုစာရင်းမှာ ပြီးပြည့်စုံနိုင်လိမ့်မည်မဟုတ်ကြောင်း သတိပြုမှတ်သားသင့်သည်။ ပိုမိုများပြားသောပြဿနာအရေးကိစ္စများက ထွက်ပေါ်လာဦးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်း CLMS တစ်ရပ်တည်ဆောက်ရေးလုပ်ငန်း ရှေ့ဆက်တိုးမြှင့်လုပ်ဆောင်လာချိန်တွင် ဂရုတစိုက်စဉ်းစားသုံးသပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများကို လိုအပ်လာမည်ဖြစ်သည်။

### အဆင့် (၁) ကလေးအလုပ်သမား စောင့်ကြည့်လေ့လာစစ်ဆေးရေး (CLM) စီမံခန့်ခွဲမှုကို တည်ဆောက်ပါ

အကြံပြုသော ယေဘုယျဖွဲ့စည်း တည်ဆောက်ပုံတစ်ရပ်ကို အထက်တွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် အမျိုးသားကလေးအလုပ်သမားကော်မတီမှတစ်ဆင့် အဆိုပါစနစ်အားစီမံအုပ်ချုပ်ရေးအတွက် လိုအပ်သောယေဘုယျကြီးကြပ်ကွပ်ကဲမှုကို တရားဝင်ဆောင်ရွက်နေခဲ့ပြီးဖြစ်ကြောင်း ထောက်ဆိုတင်ပြသင့်သည်။ သို့သော် နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲအတွင်း ပါဝင်တက်ရောက်သူများက CLMS ၏ အချက်အလက်အစိတ်အပိုင်းနှင့်ပတ်သက်သော ပိုမိုအသေးစိတ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအတွက် ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် အလုပ်အမှုဆောင်အဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်ရန် အကြံပြုတင်ပြခဲ့ကြသည်။

မြို့နယ်အဆင့်တွင် TCRC နှင့် ခိုင်မာသောပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ တည်ဆောက်ပြီး TCRCs အောက်ရှိ ရှိရင်းစွဲကလေးအလုပ်သမားကော်မတီများ သို့မဟုတ် ကလေးသူငယ်အကာအကွယ်ပေးရေးကော်မတီများကို အသုံးပြုရန် အကြံပြုအပ်ပါသည်။ မြို့နယ်အဆင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသည် အချက်အလက်ကောက်ခံခြင်းနှင့်မျှဝေခြင်းအပြင် လွှဲပြောင်းရေးဝန်ဆောင်မှုများဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုနှင့်လည်း သက်ဆိုင်မည်ဖြစ်သည် (လွှဲပြောင်းမှုများကို CMS မှတစ်ဆင့် စီမံခန့်ခွဲသွားမည်ဖြစ်သည့်တိုင်)။ သို့သော် အမှုတွဲမန်နေဂျာများ၊ အလုပ်သမားစစ်ဆေးရေးအဖွဲ့များ၊ NGO ကိုယ်စားလှယ်များ၊ ပညာရေးအရာရှိများနှင့် အခြားတာဝန်ရှိသူများကြား စည်းဝေးတိုင်ပင်ရေးအတွက် တရားဝင်သတ်မှတ်ထားသော ဖိုရမ်/ ဖွဲ့စည်းတည်ဆောက်မှုပုံစံတစ်ရပ်ထားရှိရန် အရေးပါနေဆဲဖြစ်သည်။

CLMS ကို NAP နှင့် အခြားသက်ဆိုင်ရာဥပဒေများ၏ ကန့်သတ်ချက်မူဘောင်များအတွင်း ဒီဇိုင်းရေးဆွဲဖန်တီးရန် လိုအပ်သည်။ သို့ဖြစ်ရာ CLMS ရေးဆွဲချမှတ်ခြင်းမပြုမီ ဦးစားပေးကိစ္စရပ်တစ်ခုအနေနှင့် အသက် ၁၈ နှစ်အောက်ကလေးငယ်များအတွက် ကန့်သတ်ပိတ်ပင်ထားသော အန္တရာယ်ရှိသည့်အလုပ်အကိုင်များစာရင်းကို မဖြစ်မနေချမှတ်ပြဋ္ဌာန်းရမည်ဖြစ်သည်။

ယင်းနှင့်ဆက်စပ်ပြီး မတူခြားနားသော မိတ်ဖက်အဖွဲ့အစည်းများအတွက် ရှင်းလင်းတိကျသောအခန်းကဏ္ဍများသတ်မှတ်ပြဋ္ဌာန်းခြင်းက CLMS အောင်မြင်စွာရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် မရှိမဖြစ်အရေးပါသည်။ စနစ်များစီမံခန့်ခွဲရေး၊ ကလေးငယ်များလွှဲလာဖော်ထုတ်ရေးနှင့် သီးခြားအမှုကိစ္စရပ်များအား ဝန်ဆောင်မှုများရရှိနိုင်အောင် လွှဲပြောင်းရေးအတွက် မည်သူတို့ထံတွင်တာဝန်ရှိသည်ဟူသော ၎င်းတို့၏ ကိုယ်ပိုင်အခန်းကဏ္ဍနှင့် အခြားမိတ်ဖက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို မိတ်ဖက်အဖွဲ့အစည်းအများအားလုံး အမှန်တကယ်နားလည်သိမြင်လာအောင် လုပ်ဆောင်ပေးရန် အရေးကြီးသည်။ အကယ်၍ အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများကို ရှင်းလင်းတိကျစွာ သတ်မှတ်ထားခြင်းမရှိပါက ပြဿနာအရေးကိစ္စများ ပေါ်ပေါက်လာချိန်တွင် တစ်ပွဲတိုးရေတိုသတ်မှတ်ဖွင့်ဆိုချက်များ ချမှတ်နေရမည်ဖြစ်ရာ စမ်းသပ်စစ်ဆေးမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် အချိန်ကြာမြင့်စေမည်ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများက အစောပိုင်းအဆင့်တစ်ရပ်မှာပင် ယေဘုယျအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ သဘောတူညီမှု ရယူနိုင်ခဲ့သည့်တိုင် အရာအားလုံးက ကြိုတင်ခန့်မှန်းထားသည့်အတိုင်းဖြစ်လာမည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ဒီဇိုင်းရေးဆွဲဖန်တီးမှုလုပ်ငန်းစဉ် အကောင်အထည်ပေါ်လာခဲ့ချိန်တွင် စနစ်ကို ထပ်မံသတ်မှတ်ဖွင့်ဆိုရန်အတွက် အဆင်သင့်ဖြစ်နေရပေမည်။

နိုဝင်ဘာလ (၈) ရက်နေ့ကကျင်းပခဲ့သော CLMS ဆိုင်ရာမိတ်ဖက်အလုပ်ရုံဆွေးနွေးပွဲအတွင်းဆွေးနွေးသုံးသပ်ချက်များ၏ အကျိုးဆက်အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက အမှုကိစ္စစီမံခန့်ခွဲမှုစနစ် (CMS) မှတဆင့် လွှဲပြောင်းရေးဆိုင်ရာလုပ်ငန်းကို ဦးစီးဦးဆောင်မှုပြုရန်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အချက်အလက်ကောက်ခံရေးနှင့် သိမ်းဆည်းရေးလုပ်ငန်းကို ဦးဆောင်သွားရန် ပဏာမသဘောတူညီခဲ့ကြသည်။ အလုပ်သမားသမဂ္ဂများ၊ NGOs များနှင့် အဓိကကျသောအခြားလုပ်ဆောင်သူများ (actors) သည်လည်း CLMS နှင့်ပတ်သက်၍ အရေးပါသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်သွားရန်လည်း သဘောတူညီမှုပြုခဲ့သည်။ သို့ဖြစ်ရာ လုပ်ငန်းစဉ်ရှေ့ဆက်ဖော်ဆောင်နိုင်ရေး အခြေခံအကြောင်းအချက် တစ်ရပ်အဖြစ် CLMS ကို ပူးတွဲရေးဆွဲဖန်တီးကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် မိတ်ဖက်အဖွဲ့အစည်းများကြားတွင် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် (သို့မဟုတ် အခြားသော လက်တွဲပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်) ကို တတ်နိုင်သမျှ အစောဆုံးရေးဆွဲချမှတ်သွားရန် အကြံပြုအပ်ပါသည်။ MoU တွင် မိတ်ဖက်အဖွဲ့အစည်းများ၏ အခြေခံဖွဲ့စည်းမှုပုံစံနှင့် တာဝန်ဝတ္တရားခွဲဝေမှုကို အကျဉ်းချုံးထည့်သွင်းရေးဆွဲသင့်သည်။ သို့သော် CLMS ရေးဆွဲဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ ရုပ်လုံးပေါ်လာပြီး အဓိကကျသော အရေးကိစ္စပြဿနာများနှင့် မေးခွန်းများ ထွက်ပေါ်လာချိန်တွင် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေနှင့် ပိုမိုအသေးစိတ်ကျသည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို ထည့်သွင်း ရေးဆွဲသွားနိုင်သည်။

### အဆင့် (၂) စောင့်ကြည့်လေ့လာစစ်ဆေးရေးကိရိယာများရေးဆွဲဖန်တီးပြီး စမ်းသပ်စစ်ဆေးပါ

အဆင့် (၂) ၏ပထမဆုံးလုပ်ငန်းတာဝန်မှာ မည်သို့သောသတင်းအချက်အလက်အမျိုးအစားများအား ကောက်ခံရန်လိုအပ်သည်၊ မည်သည့်နေရာ (လူမှုအသိုက်အဝန်းများအတွင်း၊ စာသင်ကျောင်းများ စသည်) တွင်ကောက်ခံသွားမည်နှင့် မည်သူတို့ကကောက်ခံသွားမည် ဟူသောအကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ရန်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် CLMSကို ရှိရင်းစွဲစနစ်များ (အဓိကအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၏ CMS နှင့် အလုပ်သမား ဦးစီးဌာန၏ LFS နှင့် အလုပ်သမားစစ်ဆေးရေးစနစ်များ) တို့နှင့် ချိတ်ဆက်ရန် အကြံပြုထားသည်။ ထိုစနစ်များမှာ အတော်အတန် ပြည့်စုံကောင်းမွန်စွာ တည်ဆောက်ပြီးဖြစ်သော စနစ်များဖြစ်၏ (LFS နှင့် CMS တို့ကို ရေးဆွဲဖန်တီးနေဆဲဖြစ်သည့်တိုင်)။ ထို့အပြင် CLMS နှင့်ချိတ်ဆက်နိုင်မည့် EMIS မှာ ကနဦးစတင်မှုအဆင့်မှာသာ ရှိနေသေးသည်။ သို့ဖြစ်ရာ ကိရိယာများ ဖန်တီးမှုနှင့်စမ်းသပ်စစ်ဆေးမှုတွင် ဤအကြောင်းအရာကို ထည့်သွင်းစဉ်းစားသုံးသပ်သွားရန်လိုအပ်သည့်အပြင် အပြောင်းအလဲများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို အလိုက်သင့်ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှု (flexibility) ကိုလည်း လိုအပ်သည်။



အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် သက်ဝင်လည်ပတ်နေပြီးဖြစ်သော စနစ်များရှိနေသည်ဖြစ်ရာ အဆိုပါစနစ်များ ရေးဆွဲဖန်တီးခြင်းမှ ရရှိသောအတွေ့အကြုံများကို အသုံးပြုခြင်းက အလွန်ပင်တန်ဖိုးရှိနိုင်သည်။ အချို့သင်ခန်းစာများကို ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပြီး ဖြစ်သော်လည်း မိတ်ဖက်အဖွဲ့အစည်းများကမူ ထိုအတွေ့အကြုံများအား CLMS ရေးဆွဲဖန်တီး မှုလုပ်ငန်းစဉ်၏အစတွင် ထပ်မံမြေပုံရေးဆွဲဖော်ပြသွားရန်ဆန္ဒရှိကြသည်။

ရှိရင်းစွဲစနစ်များမှ ရရှိသောအတွေ့အကြုံများတွင် မကြာခဏဆိုသလိုဖော်ပြခဲ့သည့် အဓိကကျသောနယ်ပယ်တစ်ရပ်မှာ စနစ်ရေးဆွဲချမှတ်ရန်နှင့် စတင်အကောင်အထည်ဖော်နိုင်ရန်အတွက် စွမ်းဆောင်ရည် အားကောင်းခိုင်မာစေရေး လိုအပ်ချက်ပင်ဖြစ်သည်။ သို့ဖြစ်ရာ CLMS ရေးဆွဲဖန်တီးခြင်းလုပ်ငန်းစဉ်တွင် လိုအပ်သည့်စွမ်းဆောင်ရည်များ (အခြေခံအဆောက်အအုံ၊ ကျွမ်းကျင်မှု၊ အသိအမြင်ဗဟုသုတ၊ ဝန်ထမ်းလိုအပ်ချက်စသည်) ကို စဉ်းစားသုံးသပ်သွားရန် အထူးပင်အကြံပြုအပ်ပါသည်။ ဤနေရာတွင် (ဥပမာ) CLMS ရှေ့ပြေးစမ်းသပ်ဖော်ဆောင်ရေးနယ်မြေများအတွင်း စွမ်းဆောင်ရည်လိုအပ်ချက်များ အကဲဖြတ်ဆန်းစစ်မှုလုပ်ဆောင်ချက်များ ပါဝင်နိုင်သည်။

အဓိကကျသော နောက်ထပ်သင်ခန်းစာတစ်ရပ်မှာ (အထက်တွင်ဖော်ပြထားသည်) အချို့မြို့နယ်များ (အထူးသဖြင့် သွားလာရောက်ရှိရန် ခက်ခဲသောနယ်မြေဒေသများ) တွင် ရရှိနိုင်သည့်ဝန်ဆောင်မှုများ အကန့်အသတ်ရှိနေခြင်းနှင့် ဆက်နွယ်နေသော အခက်အခဲပြဿနာများဖြစ်သည်။ သို့ဖြစ်ရာ မည်သည့်မဟာဗျူဟာများက ကူညီထောက်ပံ့မှုများ လိုအပ်နေသော ကလေးငယ်များအားလုံးကို ဝန်ဆောင်မှုများ လက်လှမ်းမီရရှိခံစားနိုင်အောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း စဉ်းစားသုံးသပ်ခြင်းသည် ဒီဇိုင်းရေးဆွဲဖန်တီးခြင်းလုပ်ငန်းစဉ်၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်ဖြစ်ရမည်။ မြို့နယ်တစ်ခုချင်းစီအတွင်းရှိ ဝန်ဆောင်မှုပေးအပ်သူများအား မြေပုံရေးဆွဲဖော်ပြခြင်းကို ဦးစားပေးကိစ္စရပ်တစ်ခုအဖြစ်ဆောင်ရွက်ရန် အကြံပြုတင်ပြအပ်ပါသည်။ ကိရိယာများကနဦးစမ်းသပ်စစ်ဆေးမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထိုသို့လုပ်ဆောင်မှုများက CLMS စံကိရိယာများပြုလုပ်ရန်အတွက် လိုအပ်သောအရင်းအမြစ်များဆိုင်ရာ အရေးပါသည့် ဖော်ညွှန်းမှုများကို ပေးစွမ်းပေလိမ့်မည်။ မြေပုံရေးဆွဲဖော်ပြမှုသည် အမှန်တကယ်လွှဲပြောင်းမှုအတွက်အသုံးဝင်လာမည့် ဝန်ဆောင်မှုပေးအပ်သူများ စာရင်းစာအုပ်တစ်ခုကို ပေးအပ်နိုင်ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာနှင့် ပုဂ္ဂလိကသဘောထားခံယူချက်များနှင့် ယုံကြည်ချက်များက ကလေးအလုပ်သမားအရေးကိစ္စ၏ အကြောင်းရင်းခံ တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံတွင်း ကလေးအလုပ်သမားဖြစ်တည်မှုအတွက် လောင်စာတစ်ရပ်ဖြစ်ကြောင်း အဓိကသတင်းပေးသူများစွာတို့က ထောက်ပြပြောကြားခဲ့သည်။ သို့ဖြစ်ရာ မိတ်ဖက်အဖွဲ့အစည်းများအဖို့ CLMS အတွင်းမှ CMS ကို ကလေးအလုပ်သမားဆိုင်ရာ သဘောထားအမြင်များနှင့်အမူအကျင့်များ ပြုပြင်ပြောင်းလဲရန် ဦးတည်သော ကွင်းဆင်းဆောင်ရွက်ရေးနှင့် အသိပညာပေးရေးလုပ်ဆောင်ချက်များနှင့်လည်း မည်သို့မည်ပုံချိတ်ဆက်နိုင်ကြောင်း စဉ်းစားသုံးသပ်သွားရန် အားပေးတိုက်တွန်းအပ်ပါသည်။ ဤတွင် NAP မူဘောင်က အလွန်အသုံးဝင်သောအကိုးအကားတစ်ရပ် ဖြစ်နိုင်သည်။ သို့သော်ယင်းသည် ဝန်ဆောင်မှုပေးအပ်သူ မြေပုံရေးဆွဲဖော်ပြမှုများတွင် ထည့်သွင်းရန်အတွက် စဉ်းစားသုံးသပ်ရမည့် အရာတစ်ခုလည်း ဖြစ်နိုင်သည်။ မိတ်ဖက်အလုပ်ရုံဆွေးနွေးပွဲအတွင်း၌ ပါဝင်တက်ရောက်သူများစွာတို့က CLMS ကို အသိပညာပေးရေးနှင့် ကွင်းဆင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်မှုများနှင့် ချိတ်ဆက်ခြင်း၏ အရေးပါပုံကို အလေးပေးဖော်ပြခဲ့ကြရာ ယင်းသည် ကလေးအလုပ်သမားဆိုင်ရာ NAP မူကြမ်းပါ ဦးစားပေးဆောင်ရွက်ချက်များနှင့်လည်း အမှန်တကယ် ကိုက်ညီမှုရှိသည်။

အဆိုပါကိရိယာအား ရှေ့ပြေးစမ်းသပ်ဖော်ဆောင်မှုနယ်ပယ်အတိုင်းအတာက မည်သို့ပင်ဖြစ်စေကာမူ CLMS ရေးဆွဲဖန်တီးရာ လမ်းကြောင်းတလျှောက်လုံးတွင် စမ်းသပ်ခြင်း၊ မှားယွင်းခြင်းနှင့် ပြန်လည်ချိန်ညှိပြင်ဆင်ခြင်းများ ပြုလုပ်နိုင်မည့် တစ်ဆင့်ချင်း အကြိမ်ကြိမ်ထပ်ကျော့လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ရေးဆွဲဖန်တီးမှုပြုလုပ်ရန် အထူးတိုက်တွန်း အကြံပြုအပ်ပါသည်။ ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်ဖြေဆိုပေးခဲ့သည့် အဓိကသတင်းပေးသူများစွာတို့က တစ်ဆင့်ချင်းတိုးမြှင့်ဆောင်ရွက်ရသည့် ချဉ်းကပ်လုပ်ဆောင်ပုံနည်းလမ်းတစ်ရပ်ကို အလေးပေးတင်ပြခဲ့ကြသည်။

**အဆင့် (၃) လွှဲပြောင်းမှုစနစ်ကို ရေးဆွဲဖန်တီးပါ**

ထိရောက်ကောင်းမွန်သော လွှဲပြောင်းမှုစနစ် တစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် CLMS ရေးဆွဲတည်ဆောက်ခြင်း၏ ပထမအဆင့်လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOPs) ကို ချမှတ်ပြဋ္ဌာန်းရမည်။ အနည်းဆုံးအနေနှင့် SOPs သည် အဓိကမိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရေးဆွဲချမှတ်ပြီး ကလေးငယ်များနှင့်မိသားစုများအတွက် လွှဲပြောင်းရေးလမ်းကြောင်းများ ဖွင့်ဆိုသတ်မှတ်ရမည့်အပြင် ကလေးငယ်များ (နှင့်မိသားစုများ) မည်သို့သောဝန်ဆောင်မှု အမျိုးအစားများထံသို့ လွှဲပြောင်းပေးနိုင်မည်ကို အကျဉ်းချုံးသတ်မှတ်ဖော်ပြရမည်။ ရိုးရှင်းလွယ်ကူစေရန်ရည်ရွယ်ချက်ဖြင့် ထိုဝန်ဆောင်မှုအမျိုးအစားများကို ဤအစီရင်ခံစာတွင် "ဝန်ဆောင် မှုအစုအဝေး (service package)" တစ်ရပ်အဖြစ် ရည်ညွှန်းသုံးနှုန်းထားသည်။

အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ပြဋ္ဌာန်းခြင်းကိစ္စရပ်တွင် အဓိကသတင်းပေးသူများက CLMS ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမားဦးစီးဌာန) မှ ပိုင်ဆိုင်ရမည်ဖြစ်သော်လည်း CLMS ၏အစိတ်အပိုင်းများကို အခြားမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်နိုင်ကြောင်း ယေဘုယျထုတ်ဖော်တင်ပြခဲ့သည်။ ထို့အပြင် ရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန (Ministry of justice) နှင့် အမျိုးမျိုးသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိတိကျကျဆိုရလျှင် အဓိကသတင်းပေးသူများတို့က အထက်တွင် ဆွေးနွေးဖော်ပြခဲ့သကဲ့သို့ပင် လွှဲပြောင်းရေးစနစ်ကို လူမှုဝန်ထမ်းဦးစီးဌာန၏ CMS နှင့်ပေါင်းစပ်ရမည်ဟု အကြံပြုတင်ပြထားသည်။

လွှဲပြောင်းရေးလမ်းကြောင်းများကို လူမှုဝန်ထမ်းဦးစီးဌာန၏ CMS တွင် ကြီးမားသော အတိုင်းအတာတစ်ရပ်အထိ ရှင်းလင်းတင်ပြထားပြီးဖြစ်သည်။ သို့သော် အလုပ်သမားစစ်ဆေးရေးအဖွဲ့၊ စာသင်ကျောင်းများ စသည်တို့မှတဆင့် လွှဲပြောင်းလာသော အမှုကိစ္စများနှင့် ကလေးအလုပ်သမားများကို အပြည့်အဝကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် လွှဲပြောင်းရေး လမ်းကြောင်းများအား ပြန်လှန်လေ့လာသုံးသပ်ခြင်းက အသုံးဝင်နိုင်သည်။

ထိုကဲ့သို့ပြန်လှန်လေ့လာသုံးသပ်မှုသည် CMS တွင်သတ်မှတ်ထားပြီးဖြစ်သော ဝန်ဆောင်မှုအစုအဝေး(service package) ကို ကလေးအလုပ်သမားများအတွက် အမှန်တကယ် သင့်တော်လုံလောက်မှုရှိအောင် ဆောင်ရွက်ခြင်းနှင့်လည်း ချိတ်ဆက်နေသည်။ ကလေးအလုပ်သမားအရေးကိစ္စက CMS ၏အစိတ်အပိုင်းတစ်ရပ်အဖြစ် အမှန်တကယ်ပါဝင်နေခဲ့ပြီးဖြစ်ရာ သင့်တော်လုံလောက်သော ဝန်ဆောင်မှုများပေးအပ်နိုင်အောင် ဆောင်ရွက်ရန် အလွန်အရေးပါနိုင်သည်။ ရှိရင်းစွဲဝန်ဆောင်မှုအစုအဝေးများ (service packages) အားပြန်လှန်လေ့လာသုံးသပ်ခြင်းက ဤလေ့လာမှု၏ နယ်ပယ်အတိုင်းအတာကို ကျော်လွန်နေသည်။ သို့သော် အောက်တွင်ဖော်ပြထားသောစာရင်းသည် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများသတ်မှတ်ရန်အတွက် အသုံးဝင်သော အကိုးအကားတစ်ရပ်ဖြစ်နိုင်သည်။ ထိုစာရင်းကို အဓိကသတင်းပေးသူတွေ့ဆုံမေးမြန်းမှုများ (KIIs) အပေါ်တွင်ရော မိတ်ဖက်အလုပ်ရုံဆွေးနွေးပွဲအတွင်း ဆွေးနွေးသုံးသပ်ချက်များအပေါ်တွင်ပါ အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်သည်။ ကလေးငယ်များကိုလေ့လာရှာဖွေဖော်ထုတ်ခြင်း - စာသင်ကျောင်းများတွင် ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ လူမှုအသိုက်အဝန်းအဆင့်တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လုပ်ငန်းခွင်များတွင် အလုပ်သမားဦးစီးဌာနနှင့် အလုပ်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ လူမှုအသိုက်အဝန်းများတွင် NGOs များနှင့် လူမှုအသိုက်အဝန်းအခြေပြုအဖွဲ့အစည်းများ၊ လုပ်ငန်းခွင်များနှင့်လူမှုအသိုက်အဝန်းများတွင် အလုပ်သမားသမဂ္ဂများ၊ လုပ်ငန်းခွင်များတွင် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်ရှင်များ၊ ဆေးခန်းများနှင့်လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှုများမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ လုပ်ငန်းခွင်များနှင့်လူမှုအသိုက်အဝန်းများတွင် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးရေး ဝန်ဆောင်မှုများ။

- ကလေးငယ်များနှင့်မိသားစုများအတွက် လိုအပ်ချက်လေ့လာဆန်းစစ်မှုများ - NGOs များနှင့် လူမှုဝန်ထမ်းဦးစီးဌာနအမှုတွဲမန်နေဂျာများ။ လက်ရှိအမှုတွဲမန်နေဂျာများအကြား အလုပ်ဝန်ပိခြင်းကိုကြိုတင်ကာကွယ်သည့်အနေနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများကိုလည်း လိုအပ်ချက်များ လေ့လာဆန်းစစ်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းက သင့်လျော်မှန်ကန်နိုင်သည်။ စာသင်ကျောင်းမန်နေဂျာများ၊ အလုပ်သမားစစ်ဆေးသူများအပြင် ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံရနိုင်သော အခြားလူပုဂ္ဂိုလ်များအား လေ့ကျင့်သင်ကြားမှုများပါဝင်နိုင်သည်။ ဒီဇိုင်းရေးဆွဲ ဖန်တီးခြင်းအဆင့်တွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ စူးစမ်းလေ့လာမှုများပြုလုပ်သွားရန် မိတ်ဖက်အဖွဲ့ အစည်းများကို အားပေးတိုက်တွန်းအပ်ပါသည်။
- ပြင်းထန်သော ချိုးဖောက်ကျူးလွန်မှုကိစ္စရပ်များတွင် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားမျှတမှုရရှိစေခြင်း - ရဲတပ်ဖွဲ့၊ တရားရေးဝန်ကြီးဌာန (MOJ)၊ အလုပ်သမားစစ်ဆေးသူများ။ CLMS ၏ အဓိကရည်ရွယ်ချက်မှာ ဥပဒေစည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရန်မဟုတ်ပေ။ သို့သော် အောက်ခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းကာ ပြင်း ထန်သော ချိုးဖောက်ကျူးလွန်မှုကို ရင်ဆိုင်ခံစားခဲ့ရသော ကလေးငယ်များအတွက် တရားမျှတမှုရရှိစေမည့် ပိုမိုကျယ်ပြန့်သော ချဉ်းကပ်လုပ်ဆောင်ပုံနည်းလမ်းတစ်ရပ်က ကလေးငယ်များရှေ့ဆက်လျှောက်လှမ်းသွားနိုင်ရန်နှင့် အခြားကိစ္စရပ်များတွင် အလားတူချိုးဖောက်ကျူးလွန်မှုများကိုကြိုတင်ကာကွယ်ရန်နှင့် အဟန့်အတားဖြစ်စေရန်အတွက် မရှိမဖြစ်အရေးပါသော ဝန်ဆောင်မှုတစ်ရပ် ဖြစ်နိုင်သည်။
- ပညာရေးဆိုင်ရာ အထောက်အပံ့ပေးအပ်ခြင်းသည် ကလေးအလုပ်သမားအရေးကိစ္စအတွက် အရေးအပါဆုံးသော အခြားရွေးချယ်စရာ ကိုင်တွယ်ဆောင်ရွက်မှုနည်းလမ်းတစ်ရပ်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအပြင် NGOs များနှင့် ဘုန်းတော်ကြီးကျောင်းများမှစီစဉ်သော တရားဝင်နှင့် တရားဝင်မဟုတ်သော ပညာရေးအစီအစဉ်များနှင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး (TVET) အစီအစဉ်များအားလုံးကို လွှဲပြောင်းမှုတွင်ထည့်သွင်းနိုင်သည်။ အချို့ကိစ္စရပ်များ၌ ပညာသင်ကြားမှုတွင် ပူးပေါင်းပါဝင်နိုင်အောင် ငွေရေးကြေးရေးအထောက် အပံ့များပေးအပ်ရန်လိုအပ်နိုင်သည် (အခြားသောဝင်ငွေဖော်ဆောင်ရေး အခွင့်အလမ်းများမှတစ်ဆင့် သို့မဟုတ် လူမှုအကာအကွယ်ပေးရေး အစီအစဉ်များမှတစ်ဆင့်၊ အောက်တွင်ရှုပါ)။
- အလားတူပင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ရှိရင်းစွဲလူကုန်ကူးမှုနှိမ်နင်းရေးနှင့် ကလေးစစ်သားအစီအစဉ်များတို့နှင့်ချိတ်ဆက်ရန်စဉ်းစားသုံးသပ်သင့်သကဲ့သို့လမ်းပေါ်ကလေးများဆိုင်ရာမြို့တော်စည်ပင်သာယာရေး အစီအစဉ်များနှင့်လည်း ချိတ်ဆက်သင့်သည်။
- အဓိကသတင်းပေးသူများစွာတို့က အချို့ကလေးငယ်များအတွက် စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များရရှိအောင် လွှဲပြောင်းပေးရန် အရေးပါပုံကို ထောက်ပြခဲ့ကြသည်။ ယင်းသည် ရှားပါးသောဝန်ဆောင်မှုတစ်မျိုးဖြစ်သော်လည်း အစိုးရစနစ်များအတွင်း လူသူငွေကြေးကိရိယာများ လုံလောက်မှုမရှိသည့်နေရာများတွင် NGOs များနှင့် ဘာသာရေးအဖွဲ့အစည်းများက ထိုကဲ့သို့သောဝန်ဆောင်မှုများကို ပေးအပ်နိုင်ကောင်းသည်။ ဤတွင် (ဥပမာ) မူးယစ်ဆေးဝါးအလွဲသုံးမှုကြောင့် သားသမီးများအလုပ်လုပ်ကိုင်နေရသော မိသားစုအတွင်းမှ မိဘများအတွက် ပံ့ပိုးကူညီခြင်းလည်း ပါဝင်ကောင်းပါဝင်နိုင်သည်။
- ကလေးအလုပ်သမားအရေးကိစ္စက ဆင်းရဲနွမ်းပါးမှုနှင့် နီးနီးကပ်ကပ်ဆက်နွယ်နေသည်ဖြစ်ရာ လူကြီးများအတွက် အခြားသော ဝင်ငွေဖော်ဆောင်မှုလမ်းကြောင်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်/သို့မဟုတ် ကလေးကြီးများအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလုပ်အကိုင်အခွင့်အလမ်းများသည် ကလေးငယ်များအား ကလေးလုပ်သားထုအတွင်းပိတ်မိမနေအောင် ဆောင်ရွက်ရာတွင် အလွန်အရေးပါနိုင်သည်။ အဆိုပါဝန်ဆောင်မှုများကို "ထုံးတမ်းစဉ်လာ ကလေးသူငယ်အကာအကွယ်ပေးရေး လုပ်ဆောင်သူများ (actors)" ထံမှတစ်ဆင့် အမြဲတမ်းရရှိနိုင်မည် မဟုတ်သော်လည်း စက်မှုလုပ်ငန်းအစီအစဉ်များနှင့် စက်မှုလုပ်ငန်းအသင်းအဖွဲ့များ၊ TVET အင်စတီကျူးရှင်းများ၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို အလေးပေးလုပ်ဆောင်သော NGOs များ မှတစ်ဆင့် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ မြို့နယ်အဆင့်တွင် အဆိုပါဝန်ဆောင်မှု အမျိုးအစားများအား မြေပုံရေးဆွဲဖော်ပြခြင်း (mapping) က CLMS ရေးဆွဲဖန်တီးမှုအဆင့်အတွင်းရှိ မြေပုံရေးဆွဲဖော်ပြခြင်း လေ့ကျင့်ခန်းတိုင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သင့်သည်။ ယေဘုယျအားဖြင့် အဓိကသတင်းပေးသူများက SOPs ကို (ဝန်ဆောင်မှုပေးအပ်သူများ အပါအဝင်) အဓိကကျသောသက်ဆိုင်သူများ (stakeholders) များအား အပြည့်အစုံ မြေပုံရေးဆွဲဖော်ပြမှုအပေါ်အခြေခံပြီး ရေးဆွဲချမှတ်သွားရန် အရေးကြီးကြောင်း အလေးပေး ဆွေးနွေးတင်ပြခဲ့ကြသည်။

- လူမှုအကာအကွယ်ပေးရေး အစီအစဉ်များကိုလည်း ကလေးအလုပ်သမားကြုံတင်ကာကွယ်ရေးနှင့် ဆင်းရဲမွဲတေမှု၏ မောင်းနှင်မှုအောက်မှကလေးအလုပ်သမားများအား ပြန်လည်ထုတ်ယူရန်အတွက် အထောက်အပံ့ပေးရေးအတွက် ထိရောက်ကောင်းမွန်သောကိရိယာများအဖြစ် မှတ်တမ်းတင်ရေးသားထားသည်။ လူမှုအကာအကွယ်ပေးရေး အစီအစဉ်များမှာ ကလေးသူငယ်ထောက်ပံ့ကြေးများ၊ သက်ကြီးပင်စင်များ၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်များ၊ ကျန်းမာ ရေးစောင့်ရှောက်မှုအစီအစဉ်များ စသည်ဖြင့်ဖြစ်နိုင်သည်။ သို့ဖြစ်ရာ လူမှုအကာအကွယ်ပေးရေး ဝန်ဆောင်မှုများထံသို့ လွှဲပြောင်းမှုက 'လွှဲပြောင်းမှုအကျိုးခံစားခွင့် အစုအဝေး (referral package)' တစ်ရပ်၏ အရေးပါသောအစိတ် အပိုင်းတစ်ရပ်ဖြစ်နိုင်သည်။

အထက်တွင် အထင်အရှားတွေ့မြင်ရသကဲ့သို့ပင် အဖွဲ့အစည်းများစွာတို့က ကလေးငယ်တစ်ဦးကို ဝန်ဆောင်မှုများပေးအပ်နေနိုင်သည် သို့မဟုတ် ကလေးနှင့် ၎င်း၏မိသားစုနှင့်ထိတွေ့နေနိုင်သည်။ သို့ဖြစ်ရာ ကလေး(နှင့် ၎င်း၏မိသားစု) အတွက် ပင်မဝင်မှတ်/ဆက်သွယ်ရန်အဖွဲ့အစည်းကို သတ်မှတ်ပြဌာန်းခြင်းက SOP ၏ အဓိကကျသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သင့်သည်။ ယင်းသည် ကလေးဘက်မှ ဝေခွဲမရမှုများမဖြစ်အောင် ကြိုတင်ကာကွယ်ပေးသည့်အပြင် ကလေးငယ်တစ်ဦးအား "ဂရုမပြုမိဘဲ ကျော်သွားသည့်" အခြေအနေများကိုလည်း ကြိုတင်တားဆီးပေးသည်။ CMS SOP က ကနဦးစတင်မှတ်ဖြစ်သင့်သည်မှာမှန်သော်လည်း အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ဝန်ထမ်းများ (ဥပမာ အလုပ်သမားစစ်ဆေးသူများ) အား ကလေးအလုပ်သမားများအတွက် စတင်ဆက်သွယ်ရမည့်သူများအဖြစ် တာဝန်ပေးအပ်နိုင်ခြင်း ရှိမရှိကိုလည်း ထည့်သွင်းစဉ်းစားသုံး သပ်ရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။

အလားတူအရေးပါသည်မှာ SOPs သည် ကလေးသူငယ်များအားလုံး (မသန်စွမ်းကလေးသူငယ်များ၊ ဝေးလံခေါင်ပါးသောနယ်မြေဒေသများမှ ကလေးသူငယ်များ စသည်တို့အပါအဝင်) ဝန်ဆောင်မှုများအား တန်းတူညီမျှလက်လှမ်းမီရရှိနိုင်အောင် မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားသုံးသပ်ရမည်ဟူသောအချက်ပင်ဖြစ်၏။ အများအားဖြင့် ထိခိုက်ပျက်စီးလွယ်မှုအဆင့် အမြင့်ဆုံးဖြစ်သော ကလေးငယ်များမှာ ဝန်ဆောင်မှုများရရှိရန်အတွက် အကြီးမားဆုံးအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည် (ဥပမာ ၎င်းတို့တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြားမရှိခြင်း)။ သို့ဖြစ်ရာ မှတ်ပုံတင်ခြင်းအတွက် လုံ့လဆော်စည်းရုံးလှုပ်ရှားမှုများ၊ အလွန်ဝေးလံသောနှင့်/သို့မဟုတ် ထိခိုက်ပျက်စီးလွယ်မှု အဆင့်မြင့်မားသော လူမှုအသိုက်အဝန်းများသို့ လက်တွေ့ကွင်း ဆင်းဆောင်ရွက်မှုလုပ်ငန်းများတို့နှင့် မည်သို့မည်ပုံ ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း စဉ်းစားသုံးသပ်သွားရန် အရေးကြီးသည်။

အထက်နှင့်ဆက်စပ်တင်ပြရလျှင် မြန်မာနိုင်ငံတွင်းမှ အဓိကကျသောပြဿနာတစ်ရပ်မှာ ရွှေ့ပြောင်းသွားလာနေသော ကလေးငယ်များအား CLMS ကို လက်လှမ်းမီနိုင်ရန် မည်သို့လုပ်ဆောင်ပေးရမည်ဟူသော ပြဿနာပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှုအဆင့်များက အလွန်မြင့်မားသည်ဖြစ်ရာ ယင်းသည် ကလေးငယ်များရှာဖွေဖော်ထုတ်ခြင်းနှင့် ဝန်ဆောင် မှုများလက်လှမ်းမီရရှိနိုင်မှုတို့ကို ပိုမိုခက်ခဲရှုပ်ထွေးစေနိုင်သည်။ CMS က အရေးဆိုတိုင်တန်းမှု/အမှုတွဲလွှဲပြောင်းမှုတစ်ရပ်ကို လက်ခံရရှိချိန်တွင် ကလေးငယ်က ထိုနေရာမှရွှေ့ပြောင်းသွားခဲ့ပြီး ဖြစ်နိုင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် လမ်းကြောင်းများစွာအသုံးပြုသော အသေးစိတ်စနစ်တကျ လေ့လာရှာဖွေဖော်ထုတ်မှုက အထူးပင်အရေးပါနိုင်သည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာမှုက အချက်အလက်မျှဝေမှုအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေသည်။ အမှုတွဲမန်နေဂျာသစ်များအား ကလေးငယ်တစ်ဦး၏အခြေအနေကို ပြည့်ပြည့်စုံစုံသိရှိမှတ်မိနေစေရမည်။ ရွှေ့ပြောင်းသွားလာမှုတိုင်းတွင် အသေးစိတ်အကြောင်းအရာများအား ကလေးငယ်မှပြန်လည်တင်ပြနေရခြင်းမျိုး မရှိစေရန်အတွက်ဖြစ်သည်။

### အဆင့် (၄) စောင့်ကြည့်လေ့လာစစ်ဆေးရေးအဖွဲ့များကို စုစည်းပြင်ဆင်ပါ

အထက်တွင်ဆွေးနွေးခဲ့သကဲ့သို့ပင် CLMS မှာ ထီးတည်းရပ်တည်သော စနစ်တစ်ရပ် ဖြစ်စရာမလိုသည့်အပြင် စောင့်ကြည့်လေ့လာစစ်ဆေးမှုကိုလည်း ရှိရင်းစွဲစနစ်များ (အဓိကအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ CMW၊ EMIS နှင့် အလုပ်သမားစစ်ဆေးရေးအဖွဲ့၏လုပ်ငန်းများ) နှင့်ပေါင်းစပ်နိုင်သည်။ သို့သော် CLMS သည် မိတ်ဖက်များစွာပါဝင်သော သီးခြားစောင့်ကြည့် လေ့လာစစ်ဆေးရေးအဖွဲ့များ (ဥပမာ အလုပ်သမားစစ်ဆေးရေး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ WFCL



ဖြစ်ကြောင်း သံသယရှိပါက ရဲတပ်ဖွဲ့များ) ကိုလည်း ပါဝင်လုပ်ဆောင်နိုင်အောင် ဖန်တီးပေးရန်သင့်မသင့် ထည့်သွင်းစဉ်းစားသုံးသပ်ရပေမည်။ မတူခြား နားသောဌာနများနှင့် အဖွဲ့အစည်းများမှဝန်ထမ်းများအတွက် ပူးတွဲသင်တန်းများပို့ချရန်လည်း စဉ်းစားသုံးသပ်သင့်သည်။ ထိုသို့ဖြင့် ထိုဝန်ထမ်းများက တစ်ဦးနှင့်တစ်ဦးပိုမိုသိရှိနားလည်လာနိုင်ပြီး ခိုင်မြဲသော လက်တွဲလုပ်ကိုင်ဆောင်ရွက်မှုဆက်ဆံရေးနှင့် ရိုးသားပွင့်လင်းသော ဆက်သွယ်ရေးလမ်းကြောင်းများကို တည်ဆောက်နိုင်မည်ဖြစ်သည်။

### အဆင့် (၅) စောင့်ကြည့်လေ့လာစစ်ဆေးသူများကို လေ့ကျင့်သင်ကြားပြီး စွမ်းဆောင်ရည်တည်ဆောက်ပေးပါ

အဓိကသတင်းပေးသူအချို့ ထောက်ပြခဲ့သည့်အတိုင်းပင် လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်သမားဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနဝန်ထမ်းများ (အထူးသဖြင့် လုပ်ငန်းခွင်များသို့ ဝင်ရောက်စစ်ဆေးရန် အခွင့်အာဏာပိုင်ဆိုင်သော အလုပ်သမားစစ်ဆေးသူများ)ကို လေ့ကျင့်သင်ကြားခြင်းက မရှိမဖြစ် အရေးပါသည်။ စွမ်းဆောင်ရည်တည်ဆောက်မှုနှင့် သင်တန်းများကို အများအပြားလုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်ယူရမည့် အရေးပါသောသင်ခန်းစာများရှိနေကြောင်းနှင့် လေ့ကျင့်သင်ကြားရေးအရင်းအမြစ်များမှာ ကြီးမားသောအတိုင်းအတာ တစ်ရပ်အထိရှိနေခဲ့ပြီးဖြစ်ကြောင်း သိရှိမှတ်သားထားရန် လိုအပ်သည်။

သို့သော် ကနဦးအနေနှင့် လူမှုအသိုက်အဝန်းများအတွင်း မှန်ကန်သော စောင့်ကြည့်လေ့လာရေးဆိုင်ရာ ကျွမ်းကျင်မှုများရှိသည့် အနည်းဆုံးလိုအပ်သော လူ့အရင်းအမြစ်ပမာဏကို တည်ဆောက်ရန်အတွက် 'အကြီးစား' လေ့ကျင့်သင်ကြားမှုတစ်ရပ် လိုအပ်ခြင်းရှိမရှိနှင့် အဓိကအေဂျင်စီများအား လိုအပ်ခြင်းရှိမရှိ စဉ်းစားသုံးသပ်ရန်လိုအပ်သည်။ လိုအပ်သည်ဆိုပါက ရရှိနိုင်မည့်အရင်းအမြစ်များနှင့်သက်ဆိုင်သော မေးခွန်းများမှာ အလွန်ပင်အရေးပါသည်။ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ပင် ပူးတွဲလေ့ကျင့်သင်ကြားမှုများကလည်း အရေးပါနိုင်သည်။ ကျွမ်းကျင်မှုများနှင့် အသိအမြင်ဗဟုသုတများလက်ဆင့်ကမ်းပေးအပ် နိုင်ရန်အတွက်သာမက မတူခြားနားသောအေဂျင်စီများမှ ဝန်ထမ်းများကြားဆက်ဆံရေး တည်ဆောက်နိုင်မည့်နည်းလမ်းတစ် ရပ်အနေနှင့်လည်း အရေးပါလေသည်။

အနာဂတ်ကာလ အဖွဲ့အစည်းစံနှုန်းသတ်မှတ်မှုအတွက် ကလေးအလုပ်သမားစောင့်ကြည့်လေ့လာစစ်ဆေးမှုနှင့် လွှဲပြောင်းမှုတို့က အဆင့်မြင့်ပညာရေးသင်ရိုးများ (ဥပမာ အလုပ်သမားလေ့လာမှုများနှင့် လူမှုရေးလုပ်ငန်း)တွင် စံအကြောင်းအချက်များ ဖြစ်နိုင်ခြေရှိမရှိ စဉ်းစားသုံးသပ်ရန်လည်းလိုအပ်ပေမည်။

### အဆင့် (၆) CLM ဒီဇိုင်းပုံစံစမ်းသပ်စစ်ဆေးပြီး ပုံတူပွားရန်အတွက် စဉ်းစားပါ

အရှေ့ပိုင်းတွင်ဆွေးနွေးခဲ့သကဲ့သို့ပင် အဓိကသတင်းပေးသူများစွာတို့မှာ CLMS အားရှေ့ပြေးစမ်းသပ်ဖော်ဆောင်ရာတွင် ကနဦးအစတွင် အသေးစားဖော်ဆောင်သွားရန်နှင့် တစ်ဆင့်ချင်းတိုးမြှင့် အကောင်အထည်ဖော်သွားရန် ရှင်းရှင်းလင်းလင်း အကြံပြုတင်ပြထားသည်။ ရှေ့ပြေးစမ်းသပ်ဖော်ဆောင်မည့်နယ်မြေများကို CMS သက်ဝင်လည်ပတ်နေပြီဖြစ်သောမြို့နယ်များမှ ရွေးချယ်သွားရန်လည်း အကြံပြုထားသည်။

## ၅။ မြန်မာနိုင်ငံတွင်းထိရောက်ကောင်းမွန်သော CLMS တစ်ရပ်အတွက်ကောက်ချက်များ နှင့် ပင်မပြဿနာ အရေးကိစ္စများ

အခန်း (၄) တွင် လေ့လာဖော်ထုတ်ခဲ့သော ပြဿနာအရေးကိစ္စများကိုအခြေခံကာ ဤအခန်းတွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့က ကျင်းပခဲ့သော စိစစ်အတည်ပြုရေးအလုပ်ရုံဆွေးနွေးပွဲအတွင်း ထပ်မံဆွေးနွေးသုံးသပ်ခဲ့ကြသည့် အဓိကကျသော ပြဿနာအရေးကိစ္စအချို့ကို အကျဉ်းချုံးတင်ပြထားသည်။ အောက်ဖော်ပြပါစာရင်းသည် အလုပ်ရုံဆွေးနွေးပွဲအတွင်း ဆွေးနွေးပြောဆိုခဲ့ကြသည့်အဓိကကျသောမေးခွန်းများကို အနှစ်ချုပ်ဖော်ပြထားသည်။

၁။ အဆိုပြုထားသော ယေဘုယျစံပုံစံ (model) က မြန်မာနိုင်ငံ CLMS အတွက် လက်တွေ့ကျပါသလား၊ လိုအပ်သော အကျိုးရလာဒ်ကိုပေးနိုင်ပါသလား။ မပေးနိုင်ပါဟုဆိုလျှင် ယေဘုယျစံပုံစံက မည်သို့ဖြစ်သင့်သနည်း။

၂။ ထိုစံပုံစံအတွင်း အဓိကကျသောသက်ဆိုင်သူများ (stakeholders) ၏အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှာ အဘယ်နည်း။ ဆိုလိုသည်မှာ မိတ်ဖက်အဖွဲ့အစည်းများကြားမှ နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်တွင်နှင့် CLMS ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစံလုပ်ထုံးလုပ်နည်းများ (SOPs) တွင်မည်သည့်အကြောင်းအရာများ ပါဝင်သင့်သနည်း။

၃။ စွမ်းဆောင်ရည်ဆိုင်ရာ အဓိကအားနည်းချက်အကန့်အသတ်များမှာအဘယ်နည်း။ ယင်းတို့ကို မည်သို့ကျော်လွှားနိုင်မည်နည်း။ ပိုမိုတိတိကျကျဆိုရလျှင် CLMS အား ရေ့ပြေးစမ်းသပ်ဖော်ဆောင်ရန်နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မည်သည့်သင်တန်းများလိုအပ်သနည်း။

၄။ မည်သည့်ကလေးကိုမျှ မေ့လျော့ချန်ရစ်ခြင်းမရှိစေရန်၊ သို့သော် မည်သည့်ကလေးကမျှ အတွင်းရေးလျှို့ဝှက်ချက်ချိုးဖောက်မှုကို ရင်ဆိုင်ခံစားရခြင်းမရှိစေရန်အတွက် အချက်အလက်ကောက်ခံရေးနှင့် မျှဝေရေးစနစ်အား မည်သို့မည်ပုံ တည်ဆောက်နိုင်မည်နည်း။

၅။ သွားလာရန်ခက်ခဲသောနယ်မြေဒေသများ (ပဋိပက္ခနယ်မြေများအပါအဝင်) အတွင်းမှကလေးငယ်များ နှင့် ထိခိုက် ပျက်စီးလွယ်မှုအဆင့်အမြင့်ဆုံးသောကလေးငယ်များ (ထိုသူတို့ကိုရှာဖွေဖော်ထုတ်ရန်ခက်ခဲနိုင်သည်) ထံသို့မည် သို့မည်ပုံသွားရောက်ကာ လေ့လာရှာဖွေဖော်ထုတ်နိုင်မည်နည်း။

၆။ အချို့မြို့နယ်များအတွင်း ဝန်ဆောင်မှုများမလုံလောက်မှုကို ကျွန်ုပ်တို့မည်သို့ရင်ဆိုင်ကျော်လွှားနိုင်မည်နည်း။

၇။ CLMS အား မည်သို့မည်ပုံ ရေ့ပြေးစမ်းသပ်ဖော်ဆောင်နိုင်မည်နည်း။ မည်သည့်နယ်မြေဒေသများတွင် ဖော်ဆောင်နိုင်မည်နည်း။

အလုပ်ရုံဆွေးနွေးပွဲသည် CLMS ရေးဆွဲချမှတ်မှု၏ အစပထမ စူးစမ်းလေ့လာရေးအဆင့်ဖြစ်သည်။ မိတ်ဖက်အဖွဲ့အစည်းများသည် CLMS ဒီဇိုင်းရေးဆွဲမှု ပိုမိုရုပ်လုံးပေါ် တိုးတက်လာချိန်တွင် အဆိုပါမေးခွန်းအချို့ကို ပြန်လည်သုံးသပ်ဖြေကြားရန် လိုအပ်မည်ဖြစ်သည်။

အောက်ဖော်ပြပါကောက်ချက်များသည် အဓိကသတင်းပေးသူတွေ့ဆုံမေးမြန်းမှုများ (KIIs)၊ အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGDs) နှင့် အလုပ်ရုံဆွေးနွေးပွဲတို့မှ ဆင်းသက်လာသော ကောက်ချက်များဖြစ်ပြီး ဤအစီရင်ခံစာ၏နိဂုံးချုပ်ကောက်ချက်များလည်း ဖြစ်သည်။ အဆိုပါကောက်ချက်များမှာ ပြောင်းလဲမရနိုင်သောလမ်းညွှန်ချက်အစီအစဉ်တစ်ရပ်မဟုတ်ပေ။ အထက်တွင်ဖော်ပြထားသကဲ့သို့ပင် မိတ်ဖက်အဖွဲ့အစည်းများသည် အဓိကကျသောမေးခွန်းများကို အကြိမ်ကြိမ်ပြန်လည် သုံးသပ်ဖြေကြားရမည်သာ ဖြစ်သည်။ သို့သော် ဤကောက်ချက်များသည် CLMS ၏ ဖွဲ့စည်းမှုပုံစံနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများတို့နှင့်သက်ဆိုင်သော အဓိကသဘောတူညီချက်များနှင့် ဘုံရှုထောင့်အမြင်များကို အနှစ်ချုပ်တင်ပြထားသည်။



၁။ မြန်မာနိုင်ငံ CLMS ကို ရှိရင်းစွဲစနစ်များနှင့်ပေါင်းစပ်ရမည်။


၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) သည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ကာ CLMS တည်ဆောက်မှုတွင် ဦးစီးဦးဆောင်ပြုရမည်။ CLMS လွှဲပြောင်းရေးအစိတ်အပိုင်းကို လူမှုဝန်ထမ်းဦးစီးဌာန၏ CMS တွင် ပေါင်းစပ်ထည့်သွင်းသွားမည် ဖြစ်သောကြောင့်ပင်။

၃။ အလုပ်သမားစစ်ဆေးရေးသည် CLMS နှင့် အခြားစနစ်များ၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ရမည်။ (ဥပမာ EMIS သည်လည်း အချက်အလက်ပံ့ပိုးပေးအပ်ရေးအခန်းကဏ္ဍတစ်ရပ်မှပါဝင်နိုင်မည်ဖြစ်သည်)

၄။ အဆင့်နှစ်ဆင့်ပါသောဖွဲ့စည်းမှုပုံစံ (two-tiered structure) တစ်ရပ်လိုအပ်သည်။ ပထမအဆင့် (Tier 1) မှာ မြို့နယ်အဆင့်တွင်ဖြစ်ပြီး အချက်အလက်ကောက်ခံရန်နှင့် လွှဲပြောင်းရေးဝန်ဆောင်မှုများပေးအပ်ရန် တာဝန်ရှိသည်။ ဒုတိယအဆင့် (Tier 2) မှာ အမျိုးသားအဆင့်တွင်ဖြစ်ပြီး ပိုမိုကျယ်ပြန့်သော ရှုထောင့်တစ်ရပ်မှနေ၍ အချက်အလက်မျှဝေရေးနှင့် ခွဲခြမ်းလေ့လာဆန်းစစ်ရေးအတွက် အလေးပေးအာရုံစိုက်သည်။


အဆင့်နှစ်ဆင့်လုံးတွင် သတင်းအချက်အလက်မျှဝေရေးနှင့် ဆက်သွယ်ရေးက မရှိမဖြစ်အရေးပါပြီး အဓိကသက်ဆိုင်သူ (stakeholders) များစွာပါဝင်သောစနစ်က အလွန်ပင်ရှုပ်ထွေးသည်။ သို့ဖြစ်ရာ ရှင်းလင်းသောတာဝန်ဝတ္တရားခွဲဝေမှုတစ်ရပ်ပြုလုပ်ရန် အကြံပြုတင်ပြအပ်ပါသည်။ တာဝန်ဝတ္တရားခွဲဝေမှုကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နားလည်မှုစာချွန်လွှာများ (MoUs) အပြင် အချက်အလက်ကောက်ခံရေးနှင့်မျှဝေရေး နှင့် လွှဲပြောင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစံလုပ်ထုံးလုပ်နည်းများ (SOPs) များတွင်လည်း ရှင်းလင်းဖွင့်ဆိုဖော်ပြနိုင်သည်။

မြန်မာနိုင်ငံ CLMS ၏ ယေဘုယျဖွဲ့စည်းတည်ဆောက်မှုပုံစံကို အောက်ပါပုံအပေါ်အခြေခံကာရေးဆွဲနိုင်သည်။ အခန်း (၄) တွင် ဖော်ပြပြီးသကဲ့သို့ပင် ယင်းသည် နိုဝင်ဘာ (၈) အလုပ်ရုံဆွေးနွေးပွဲအတွင်း အုပ်စုဖွဲ့လေ့လာဆန်းစစ်မှုများတွင် ရေးဆွဲဖန်တီးခဲ့သည့်ပုံများအပေါ် အခြေခံထားခြင်းဖြစ်သည်။




၅။ အောက်တွင်ဖော်ပြထားသည်မှာ ပဏာမလမ်းပြမြေပုံတစ်ရပ် သို့မဟုတ် ဤအစီရင်ခံစာပါ ကောက်ချက်များမှ ရှေ့ဆက်ကာ CLMS ရေးဆွဲဖန်တီးမှုအတွင်း ကပ်လျက်ရှိသော အဓိကလုပ်ဆောင်ချက်အဆင့်များအတွက် တစ်ဆင့်ချင်းလုပ်ဆောင်မှုလမ်းညွှန်ချက်တစ်ရပ်ဖြစ်သည်။ ဤပဏာမလမ်းပြမြေပုံကို မိတ်ဖက်အဖွဲ့အစည်းမှ သေသေချာချာ ပြန်လှန်လေ့လာသုံးသပ်ကာ အလိုက်သင့်ပြင်ဆင်မှုပြုရန် လိုအပ်ပေလိမ့်မည်။ ပိုမိုအသေးစိတ်ကျသော စီမံချက်ရေးဆွဲမှုကိုလည်း လိုအပ်လာမည်ဖြစ်သည်။ သို့သော် လမ်းပြမြေပုံသည် ဤအသေးစိတ် စီမံချက်ရေးဆွဲမှုအတွက် လမ်းညွှန်ချက်တစ်ရပ်ကိုပေးအပ်နိုင်သည်။ မိတ်ဖက်အဖွဲ့အစည်းများအဖို့ ရှင်းလင်းပြီးလက်တွေ့ကျသော ရည်မှန်းချက်ပန်းတိုင်များချမှတ်ကာ လုပ်ဆောင်ချက်အချိန် ကာလအပိုင်းအခြားများ သတ်မှတ်နိုင်ရန်အတွက်သာမက မြန်မာနိုင်ငံအတွင်း CLMS တည်ဆောက်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လိုအပ်သောအရင်းအမြစ်များကို ခန့်မှန်းတွက်ချက်နိုင်ရန်အတွက် ပံ့ပိုးကူညီပေးခြင်း လည်းပါဝင်ပေသည်။






အထက်တွင်ဖော်ပြထားသောအချက် ၅ ချက်က မြန်မာနိုင်ငံတွင်း CLMS ရေးဆွဲချမှတ်ခြင်းနှင့်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို လမ်းညွှန်မှုပေးပြီး ဤအစီရင်ခံစာမှာ အဆိုပါလုပ်ငန်းစဉ်အတွက် အခြေခံရမည့်အကိုးအကား စာတမ်းတစ်စောင်အဖြစ် ပံ့ပိုးကူညီသွားလိမ့်မည်ဟု ဦးတည်မျှော်လင့်ပါသည်။

Fundamental Principles and Rights at Work
Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 - Switzerland
Tel: +41 (0) 22 799 81 81
Fax: +41 (0) 22 799 87 71
childlabour@ilo.org

fundamentals@ilo.org
www.ilo.org/childlabour

@ILO_Childlabour

ILO Yangon Office

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon - Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org
www.ilo.org/yangon

ISBN 978-92-2-133342-5